**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Post Election (042/2010)

# နအဖရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၂/၂၀၁၀)

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၀၇) ရက်နေ့မှ နိုဝင်ဘာလ (၁၃) ရက်နေ့အထိ

## နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

### (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်ဆောင်ရွက်ချက်များ

- နမ့်တူမြို့နယ် မယကဉက္ကဌက မဲရုံလာစောင့်မည့်သူများကို သတ်မှတ်ဝတ်စုံသာ ဝတ်ဆင်ရမည်ဟု ညွှန်ကြားထားပြီး ရှမ်းတိုင်းသားများဒီမိုကရက်တစ်ပါတီ **(SNDP)** ကိုယ်စားလှယ်များအား ရှမ်းဝတ်စုံဝတ်လာလျှင် မဲရုံထဲမှ ဆွဲထုတ်ပစ် မည်ဟု ခြိမ်းခြောက်ပြောဆိုလိုက်သည်။ **(DVB 071110)** Read More...
- တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ရွှေပြည်သာရပ်ကွက် မဲရုံတွင် လုံခြုံရေးချထားသည့်အနေဖြင့် မဲရုံနှင့် ၁၅ ကိုက်အကွာတွင် ပြည်သူ့စစ်၊ ရဲ၊ မီးသတ်၊ ရယက အစရှိသည့် လုံခြုံရေး ၁၅ ဦးက နေယူထားပြီး မဲပေးရာတွင်လည်း လွတ်လပ်စွာ မဲပေးခွင့်မရှိဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အတွင်းရေးမှူး ကိုမြင့်မောင်ကပြောသည်။ **(DVB 071110)** Read More...
- ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာမှ ဒေသခံများသည် ဥပဒေအရ မဲမပေးပဲနေနိုင် ခွင့်ရှိသည်ဆိုသည့် အခွင့်အရေးမရရှိကြောင်းနှင့် နိုဝင်ဘာ ၆ ရက်နေ့က ပြစ်မှုဖြင့် အကျဉ်းကျခံနေရသော အကျဉ်းသားများ အတွက်ပါ ကျေးရွာ ဥက္ကဌ မှ ကိုယ်စားပြုကြိုတင်မဲများ ထည့်ခိုင်းနေသည်ဟု ဒေသခံရွာသားတစ်ဦးကပြောသည်။ **(Palaungland 071110)** Read More...
- ရွေးကောက်ပွဲနေ့တွင် မူစယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုံ မဲရုံအမှတ် (၁) ၌ မဲပေးကြရာတွင် ကြက်ခြေနီနှင့်မီးသတ်တို့က မဲပေးလာသူများအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲပေးရန် ဖိအားပေး တိုက်တွန်းမှုများပြုလုပ်သောကြောင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** က ကန့်ကွက်သော်လည်းမရခဲ့ကြောင်း မဲရုံစောင့်ကြည့်နေသူတစ်ဦးကပြောသည်။ **(S.H.A.N 071110)** Read More ...
- တရုတ်–မြန်မာနယ်စပ် နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းလိုက်သည့် ဦးဇခုန်တိန့်ယိန်း ပိုင်နက်နယ်မြေ ပန်ဝါမြို့တွင် နိုဝင်ဘာလ ၇ ရက်နေ့ မနက် ၆နာရီတွင် မဲရုံဖွင့်လှစ်ပြီး မဲရုံသည် လုံခြုံမှုမရှိသဖြင့် လွတ်လပ်စွာမဲမထည့်နိုင်ဟု ဒေသခံ တစ်ဦးကပြောသည်။ **(KNG 071110)** Read More...
- ရန်ကုန် ဗိုလ်တစ်ထောင်မြို့နယ် သန်လျက်စွန်းအခြေစိုက် ရေတပ်စခန်းတွင် ပေးခဲ့သောကြိုတင်မဲများ ရေတွက်ချိန်တွင် မဲအများစုမှာ အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီ၏မဲများ ဖြစ်နေသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ဖြိုးရေးပါတီ **USDP** ကိုသာ မဲပေးရန်ညွှန်ကြား၍ မဲထပ်မံပေးရသည်ဟု ရေတပ်မိသားစုဝင်တစ်ဦးကပြောသည်။ **(Irrawaddy 081110)** [Read More...]

- ကရင်နီပြည်အတွင်းရှိ နေရာဒေသများတွင် မယက အဖွဲ့မှ ကြိုတင်မဲထည့်ခိုင်းခဲ့မှုကြောင့် နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲတွင် မဲရုံသို့ မဲသွားပေးသူနည်းပါးနေသည်ဟု လွိုင်ကော်ဒေသခံများကပြောသည်။ **(Kantarawaddy Times 081110)** [Read More...]
- ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင် မဲရေတွက်မှု ၉၀ ရာခိုင်းနုန်း ပြီးစီးသွားရာ ကျေးရွာ ၉၀ တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** တစ်ရွာမှ အနိုင်မရရှိသဖြင့် မြို့နယ် မယက ဥက္ကဋ္ဌ ခင်မောင်လွှင်က ဒေါသထွက်နေပြီး သက်ဆိုင်ရာရယက ဥက္ကဋ္ဌ၊ မဲရုံမှူးနှင့် ကျေးရွာကော်မရှင်များကို ပေါက်တောမြို့ပေါ်သို့ ဆင့်ခေါ်ထားသည်ဟု အမည်အဖေါ်လိုသူ ကျေးရွာရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ တစ်ဦးကပြောသည်။ **(Narinjara 081110)** [Read More...]
- နမ့်ခမ်းမြို့တွင် ပန်းဆေးကျော်မြင့်ကိုယ်တိုင် ဝင်ရောက်ကြီးကြပ်သော ရပ်ကွက် ၄ အောင်မေတ္တာ မဲရုံတွင် နိုဝင်ဘာ လ ၇ ရက်နေ့က ည ၈ နာရီကျော်မှ မဲရုံပိတ်ရကြောင်း မဲများကိုမဲရုံတွင် မရေတွက်ဘဲ မယကရုံးသို့ သယ်ဆောင် သွားပြီးမှ ရေတွက်သည်ဟု နမ့်ခမ်း အောင်မေတ္တာရပ် မဲရုံဝန်ထမ်းတစ်ဦးနှင့်ရင်းနှီးသူတစ်ဦးကပြောသည်။ **(S.H.A.N 081110)** [Read More ...]
- မဲမသမာမှုများ ပြုလုပ်ရန်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အနိုင်ယူရန်အတွက် အခြားပါတီများ ၃၀ ရာခိုင်နှုန်းထက် မကျော်စေရဟု ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် မြို့တော်ဝန် ဦးအောင်သိန်းလင်းကို ညွှန်ကြားခဲ့သည်ဟု ဦးအောင်သိန်းလင်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 091110)** [Read More...]
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သာအမှတ် ၁၄ မဲရုံတွင် မဲရုံတာဝန်ရှိသူများက ပြည်ထောင်စု ကြံ့ခိုင်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** နေရာကို လက်နှင့်ထောက်ပြီး မဲပေးသူဦးရေ ၁၀၀ ကို မဲခြစ်သည့်နေရာအထိ လိုက်လံညွှန်ကြားနေသဖြင့် မဲရလဒ်ကို လက်မခံနိုင်ကြောင်း အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** ပါတီ အမတ်လောင်းဦးမာခါးကပြောသည်။ **(BBC 091110)** [Read More...]
- ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့တွင် ရွေးကောက်ပွဲရက်၌ ဖမ်းဆီးခံထားရသည့် တိုကျိုအခြေစိုက် ဂျပန် **APF** သတင်းထောက် **Toru Yamaji** ကို နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြည်နှင်ဒဏ် ပေးလိုက်သည်ဟု စစ်အစိုးရအရာရှိများနှင့် **APF** သတင်းဌာနတာဝန်ရှိသူများကပြောသည်။ **(RFA 091110)** [Read More...]
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဆာလူကျေးရွာတွင် မဲထည့်ခွင့်ရှိသူဦးရေမှာ ၁၈၀၀ သာရှိသော်လည်း မဲရေတွက်မှုတွင် ၂၁၉၂ ထိ ရှိနေပြီး ပယ်မဲ ၃၄၆ မဲလည်းရှိခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(Palaungwomen 101110)** [Read More...]
- ရွေးကောက်ပွဲ မတိုင်မီ ၂ ရက် အလိုတွင် ကရင်နီပြည် လွိုင်ကော်မြို့၊ မြောက်ပိုင်းမြို့ အဝင်ဝ၌ အခြေချထား သော ခမရ ၂၆၁ တပ်ဖွဲ့မှ ည ၇ နာရီ အချိန်တွင် သေနတ်များဖောက်ခဲ့ခြင်းသည် မဲပေးသူများနှင့် တော်လှန်ရေးအဖွဲ့များကို ကြောက်လန့်စေရန် ခြိမ်းခြောက်မှုတစ်ခု ဖြစ်နိုင်သည်ဟု ဒေသခံများက ပြောသည်။ **(Kantarawaddy Times)** [Read More ...]
- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့၊ကျေးရွာများရှိမဲရုံကော်မရှင်များသည် ရွေးကောက်ပွဲနေ့တွင် မဲရေတွက်မှုမလုပ်ပဲ နိုဝင်ဘာလ ၈ရက်နေ့မှ မဲရေတွက်မှုပြုလုပ်သကဲသို့ ၄င်းနေ့မှာပင် နအဖ ခလရ(၂၈၃)၊ (၂၈၄)၊ (၃၁) တပ်များက မြို့အနီးတဝိုက်ရှိ ကျေးရွာများတွင် လက်နက်ကြီးများဖြင့် လှမ်းပစ်ခတ်ခဲ့ရာ ယမန်နေ့ညက ပစ်ခတ်မှုကြောင့် ၁၃ နှစ် အရွယ် မိန်းကလေးတစ်ဦး သေဆုံးသွားခဲ့ပြီး ယောကျ်ားလေးတစ်ဦး ဒဏ်ရာရခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(Irrawaddy 111110)** [Read More...]
- ရွေးကောက်ပွဲပြီး နိုဝင်ဘာလ ၈ ရက်နေ့တွင် အရေးပေါ်အခြေအနေကြေညာပြီး မွန်ပြည်နယ်၊ မော်လမြိုင်မြို့နှင့် သံဖြူဇရပ်မြို့တို့တွင် နိုဝင်ဘာလ ၉ ရက်နေ့မှစ၍ အာဏာပိုင်အဖွဲ့အစည်းများက စစ်ဆင်ရေးပြုလုပ်နေကြသည်ဟု ဒေသခံများကပြောသည်။ **(IMNA 111110)** [Read More...]
- စစ်အစိုးရသတ်မှတ်သော ရွေးကောက်ပွဲ အရေးပေါ်ကာလအတွင်း သျှမ်းပြည်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အဂတိမစုံ သူအမျိုးသမီးအား မုဒိန်းကျင့်ခြင်း၊ ဒေသခံများအပေါ်အခြား လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်နေခြင်း စသည်များ နအဖစစ်တပ်က ပြုလုပ်နေသည်ဟု အမျိုးသမီးတစ်ဦးကပြောသည်။ **(S.H.A.N 111110)** [Read More...]
- ဂီရိဆိုင်ကလုန်း မုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်အတွင်း ကျေးရွာအချို့ရှိ လေဘေးဒုက္ခသည်များသည် ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲမပေးခဲ့ကြသောကြောင့် ဒေသဆိုင်ရာအာဏာပိုင်များ၏



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ရိက္ခာဖြတ်တောက်ခြင်းခံနေရသည်ဟု လေဘေးဒဏ် အများဆုံးခံခဲ့ရသော မြေပုံမြို့နယ် ဝက်ခေါင်းရွာသားတစ်ဦးက ပြောသည်။ **(Irrawaddy 121110)** [Read More...]

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အား ပြည်သူများမှ ရွေးကောက်ပွဲနေ့တွင် မဲမပေးသဖြင့် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကံချောင်းကျေးရွာတွင် ဆည်မြောင်းဦးစီးဌာနမှ ဆည်ထားသော တာတမံတစ်ခုကို ဆည်မြောင်း အရာရှိများက ဖေါက်ချလိုက်သဖြင့် လယ်ကေ ထောင်ချီ၍ ပျက်စီးသွားသည်ဟု ရွာသားတစ်ဦးကပြောသည်။ **(Narinjara 121110)** [Read More...]
- စစ်ကိုင်းတိုင်း ကလေးမြို့နယ် မဲဆန္ဒနယ်အတွင်း နအဖစစ်သားများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ပြိုင်ဖက် ချင်းတိုးတက်ရေးပါတီ **CPP** ကိုယ်စားလှယ်၏မဲအရေအတွက်ကိုကြည့်ပြီး **USDP** အတွက် မဲထပ်ထည့်နေ သောကြောင့် **USDP** နိုင်သွားသည်ဟု ကလေးမြို့နယ် **CPP** ဗဟိုအလုပ်အမှုဆောင် ကော်မီတီဝင်တစ်ဦးကပြောသည်။ **(Khonumthung 121110)** [Read More...]

## (ခ) ရွေးကောက်ပွဲကော်မရှင်

- ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် နိုဝင်ဘာ ၆ ရက်နေ့ ည ၉ နာရီမှ ၁၀ နာရီအထိ မဲရုံမှူးများနှင့် ရွေကောက်ပွဲကော်မရှင်များက ပြည်သူများထည့်ထားသည့် ကြိုတင်မဲများကို ပြန်လည်စစ်ဆေးပြီး အခြားပါတီအတွက် ထောက်ခံမဲများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သို့ ပြန်လည်ပြင်ဆင်ထည့်နေပြီး မဲရုံတဝိုက်တွင် လည်း လုံခြုံရေးများ အပြည့်ချထားသည်ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။ **(Palaungwomen 071110)** [Read More...]
- မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ကမာဝက်ကျေးရွာတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၅၀၀ ကျော်ရှိသည့်အနက် တစ်ထောင်ကျော် သာ မဲထည့်ခွင့်ပေးပြီး ကျန်တစ်ထောင်ကျော်ကို ရွေးကောက်ပွဲကော်မရှင်များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ **USDP** အတွက် ထောက်ခံမဲခြစ်ပေးနေသည်ဟု ဒေသခံများက ပြောသည်။ **(IMNA 071110)** [Read More ...]
- နိုဝင်ဘာ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ပြီးမှ အနိုင်ရသည့် အမတ်၂ ဦးအပါအဝင် မယှဉ်ပြိုင်ရပဲအနိုင်ရ အမတ်ဖြစ်သွားသူ ၅၅ဦး၏ အမည်စာရင်းကို ကြေညာရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှ ၄၁ ဦး ၊ ပအိုဝ်းအမျိုးသား အဖွဲ့အစည်း **PNO** ၊ ကယန်း ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တအောင်း (ခေါ် ) ပလောင်အမျိုးသားပါတီ **TNP** ပါတီ နှင့် ဝ အမျိုးသားညီညွတ်ရေးပါတီ **WNUP** တို့က ၁၆ နေရာတို့ ဖြစ်သည်။ **(VOA 081110)** [Read More...]
- ကရင်နီပြည် ဒီးမော့ဆိုမြို့၊ အထကကျောင်းတွင် ချမှတ်ပေးထားသော မဲရုံအမှတ်(၁)အား နိုဝင်ဘာလ ၇ ရက်နေ့ နံနက် ပိုင်းတွင် ဆန္ဒမဲပေးသူများကို အကြောင်းကြားအသိပေးမှုမရှိဘဲ မဲကော်မရှင်၏အမိန့်ဖြင့် မဲရုံပြောင်းရွှေ့ခဲ့သည်ဟု ဆန္ဒမဲ သွားရောက်ပေးခဲ့သူတစ်ဦးကပြောသည်။ **(Kantarawaddy Times 101110)** [Read More...]
- ပဲခူတိုင်း အနောက်ခြမ်း နတ္တလင်းမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဌက မဲစာရင်းပြုစုထားသည့် အချက် အလက်မှတ်တမ်းများကို ဝန်ထမ်းများအား ဖျက်ဆီးရန် လျှို့ဝှက်ညွှန်ကြားလိုက်သည်ဟု အမည်မဖော်လိုသည့် ဝန်ထမ်း တစ်ဦးကပြောသည်။ **(VOA 111110)** [Read More...]

## (ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပျဉ်းမနားအရှေ့ပိုင်း ညောင်ပင်သာ၊ သနပ်ပင်ဆိပ်စသည့် မဲရုံများတွင် မဲဆန္ဒပေးမှုထက်ဝက်ခန့်သည် ကြိုတင်မဲများ မဲများ ဖြစ်ပြီး မဲလာထည့်သူများနည်းပါးကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က အနိုင်ရမည့်အခြေအနေဖြစ် နေကြောင်းမြို့ခံတစ်ဦးကပြောသည်။ **(DVB 071110)** [Read More...]
- ပဲခူးတိုင်း သာယာဝတီနယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ရွေးကောက်ပွဲဥပဒေနှင့် မညီသည့် ကြိုတင်မဲပြားများကို ဘောင်ချာစာရွက်ကဲ့သို့ပြုလုပ်ခဲ့ပြီး ၎င်းတို့ **USDP** ကို မဲထည့်ရန်ဟုဆိုကာ ကောက်ခံနေကြောင်း၊ လူတစ်ဦးလျှင် မှတ်ပုံတင် ၅ ခု၊ ၁၀ ခုယူလာလျှင်လည်း လက်ခံကာ မဲစာရင်းထုတ်ပေးသည့် နေရာတွင် လက်မှတ်ရေး



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ထိုးခိုင်းကြောင်း၊ ၄င်းလူဦးရေစာရင်းအတိုင်း ကြံ့ဖွံ့ပါတီသို့ ထောက်ခံမဲထည့်လိုက်ကြောင်း မြင်းခြံမြို့ခံတစ်ဦးကပြောသည်။ **(DVB 071110)** [Read More...]

- ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မန်စပ်အုပ်စု၊ နမ့်စိတ်ကျေးရွာတွင် တအောင်း (ပလောင်) အမျိုးသားပါတီ **TNP** ကို ထောက်ခံသည့်မဲများနေသည့်အတွက် မဲရုံစောင့်ကြည့်သူတစ်ဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို အတင်းအဓမ္မ မဲထည့်ခိုင်းနေသကဲ့သို့ အခြားမဲမျာကိုလည်း အမှန်ခြစ်ပေးနေသည်ဟု မဲသွားပေးသူတစ်ဦး ကပြောသည်။ **(Palaungwomen 071110)** [Read More...]
- ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မန်အောင်ကျေးရွာမှ ဒေသခံများအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ **USDP** က တဦးလျှင် ကျပ်ငွေ ၁၀,၀၀၀ စီပေးကာ မဲဝယ်ခိုင်းနေပြီး ဖလင်ကျေးရွာတွင်လည်း **USDP** က ဒေသခံတစ်ဦး အား ကျပ်ငွေ ၅၀၀,၀၀၀ ပေးကား မဲပေါင်း ၁၀၀ ရအောင် ဝယ်ခိုင်းနေသည်ဟု ဒေသခံများက ပြောသည်။ **(Palaungland 071110)** [Read More...]
- ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် နမ့်စရီးကျေးရွာနှင့် နမ့်ဟော်ကျေးရွာပေါင်းပြီး နမ့်စရီးကျေးရွာတွင် မဲပေး သည့်အခါ မဲရုံမှူးများသည် မဲပေးသူများ၏အနားတွင် စောင့်ကြည့်နေပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အတွက် အယောက် ၅၀ ကို မထည့်မနေရ မဲထည့်ခိုင်းနေသည်ဟု မဲရုံစောင့်ကြည့်သူတစ်ဦးက ပြောသည်။ **(Palaungwomen 071110)** [Read More...]
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ပန်ရုတ်၊ မာန်ပလောင်းနှင့် စေကင်းကျေးရွာရှိ မဲမထည့်သူများ၏ကိုယ်စား မဲထည့်ရန်အတွက်ဆိုကာ မဲအပို ၃၀၀ ကို ယူဆောင်သွားသည်မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အတွက် မဲထည့်ရန်ဖြစ်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(Palaungwomen 071110)** [Read More...]
- ရန်ကုန်တိုင်း သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် ကောက်ခံထားသည့် ကြိုတင်မဲများ ရေတွက်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က မဲအရေအတွက် ၉၈ ရာခိုင်နှုန်း ရရှိသည်ဟု သန်လျင်ဒေသခံများက ပြောသည်။ **(Irrawaddy 071110)** [Read More ...]
- မွန်ပြည်နယ် မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာများတွင် လူနာများနှင့် သက်ကြီးရွယ်အိုများထံ မဲကော်မရှင်များက လိုက်လံကောက်ခံချိန်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** များက ကိုယ်တိုင်မဲခြစ်ပေးသည်ဟု ဒေသခံများကပြောသည်။ **(IMNA 071110)** [Read More ...]
- ဖားကန့်မြို့နယ်၊ လုံခင်းမြို့နယ်ခွဲရှိ မဲရုံအမှတ် ၈၇ တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ပါတီဝင် ဒေါ်သင်းသင်းနွယ်သည် မဲလာပေးသူများကို စိတ်ကြိုက်မဲ ခြစ်ပုံခြစ်နည်းနှင့် မဲပေးပုံပေးနည်း ပြပေးနေသည်ဟု မြင်တွေ့ခဲ့ရသူ ဒေသခံတစ်ဦးက ပြောသည်။ **(KNG 071110)** [Read More...]
- နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲတွင် ကရင်ပြည်နယ် မြို့နယ်အချို့၌ မဲမသမာမှုများ ရှိနေသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က အနိုင်ရဖွယ်ရှိသည်ဟု မဲဆန္ဒရှင် အများစုက ပြောသည်။ **(KIC 071110)** [Read More ...]
- နိုဝင်ဘာလ ၇ ရက်နေ့က မဲရုံများသို့ မဲသွားပေးသူ ရန်ကုန်မြို့ခံမ များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** တာဝန်ခံများက အနီးကပ်စောင့်ကြည့်ခဲ့သည့်လုပ်ရပ်များကို ပြိုင်ဘက်ပါတီများ က ကန့်ကွက်ရာ၊ ပါတီဝင်များ မဟုတ်ဘဲ မဲရုံလုံခြုံရေးတာဝန်ကျများဖြစ်သည်ဟု မဲရုံတာဝန်ရှိသူများက ပြန်ပြောကြောင်း မဲပေးခဲ့သူများကပြောသည်။ **(DVB 071110)** [Read More...]
- သန်လျင်မြို့နယ် ဘော့သပြေကန်ရွာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က အသက် ၁၈ နှစ် မပြည့်သေးသူများကို အတင်းအကျပ် မဲထည့်ခိုင်းကြောင်း၊ အသက် ၁၃ နှစ်အရွယ် ကလေးများပါ ပါဝင်နေကြောင်း ဒေသခံများကပြောသည်။ **(Irrawaddy 081110)** [Read More ...]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် မဲလိမ်မဲခိုး၊ ကြိုတင်မဲများကြောင့် မိမိတို့တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ **NUP** ဝက်ဝက်ကွဲ ရှုံးရခြင်းဖြစ်သည်ဟု ပြည်မြို့နယ် ပြည်သူ့လွှတ်တော်အတွက် ဝင်ရောက်ယှဉ်ပြိုင်သည့် ဦးသာထူးကပြောသည်။ **(Irrawaddy 081110)** [Read More ...]
- ပဲခူးတိုင်း သာယာဝတီမြို့နယ် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်နေရာအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်ဦးမောင်မောင်နှင့် ဦးတင်စိုးတို့က ကျေးရွာများတွင် မဲလိမ်၊ မဲခိုးမှုများနှင့်



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

အတင်းအကျပ် ကြိုတင်မဲပေးခိုင်းသည့်အတွက် အနိုင်ရရန် သေချာနေသည်ဟု တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ **NUP** ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစန်းလွင်ကပြောသည်။ **(Irrawaddy 081110)** Read More...

- ကချင်ပြည်နယ် ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ဗိုလ်ချုပ်ဟောင်း ဦးအုန်းမြင့်က ကြိုတင်မဲများ ပြုလုပ်နေသောကြောင့် အနိုင်ရသွားနိုင်ကြောင်း ဖားကန့်မြို့နယ် အမျိုးသား ဒီမိုကရေစီအင်အားစု ပါတီ **NDF** ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဘောက်ဂျာက ပြောသည်။ **(KNG 081110)** Read More...
- မြစ်ကြီးနားမြို့ သျှမ်းစုတောင်၊ သျှမ်းစုမြောက်ရပ်ကွက်များတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က မဲ ၄၀၀ ကျော် အနိုင်ရသည်ဟု ရပ်ကွက်သားတစ်ဦးက ပြောသည်။ **(S.H.A.N 081110)** Read More ...
- နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက် မဲရုံတွင် အိမ်ထောင်စုနှင့်မှတ်ပုံတင်မရှိသည့် လီစူးလူမျိုးများကို မဲရုံမှူးက တားဆီးခြင်းမရှိဘဲ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲပေးခိုင်းခဲ့သည်ဟု မဲရုံစောင့်တစ်ဦးကပြောသည်။ **(S.H.A.N 081110)** Read More ...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** နှင့်မဟာမိတ်ဖွဲ့ပြီး အနိုင်ရသွားသည့် ကချင်ဒီမိုကရေစီသစ် တပ်မတော်၏ ဥက္ကဋ္ဌဟောင်း တသီးပုဂ္ဂလအမျိုးသားလွှတ်တော်အမတ်လောင်း ဦးဇခုန်တိန့်ယိန်း၏ မဲဆန္ဒနယ်  ဖြစ်သော တရုတ်နယ်စပ် ပန်ဝါမြို့တွင် လောင်ကစားလုပ် သည့် တရုတ်အမျိုး သားများအား ကြိုတင်မဲများ မဖြစ်မနေထည့်ခိုင်းခြင်း၊ စာမတတ်သော လီဆူးတိုင်းရင်းသာများကိုယ်စား မဲရုံမှူးမှ ထောက်ခံမဲများခြစ်ပေးခြင်းစသည့် မဲမသမာမှုများရှိသည်ဟု ပန်ဝါဒေသခံတစ်ဦးက ပြောသည်။ **(VOA 081110)** Read More..., S.H.A.N...
- ရော၀တီတိုင်း ဘိုကလေးမြို့ နေရာအနှံအပြားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က နေရာယူထားပြီး ခြိမ်းခြောက်မှုအပါအ၀င် မဲလိမ်မှုများ၊ ကြိုတင်မဲများကြောင့် **USDP** အသာရ ရှေ့ပြေးနေသည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(VOA 081110)** Read More...
- မွန္တလေးတိုင်းတွင် မဲရလဒ် တရားဝင်မကြေညာသေးသော်လည်း ယခုအချိန်ထိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ **USDP** က အနိုင်ရမှုများ များပြားကာ မွန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာ ကျော်မြင့်တို့ ပါ၀င်သည်ဟု ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ **(BBC 081110)** Read More...
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မဲရုံများကို စနစ်တကျ လုပ်ထားခြင်း မရှိသည့်အပြင် အခြားပါတီ ကိုယ်စားလှယ်များအား မဲရုံအနားသို့ အကပ်မခံဘဲ အဝေး၌သာ နေစေပြီး မဲရုံကြီးကြပ်သည့်လုပ်ငန်းများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အား ထောက်ခံသည့်သူများကသာ အဓိကဦးဆောင်လုပ်သွားသည်ဟု လေ့လာစောင့်ကြည့်နေသူ မြို့ခံတစ်ဦးကပြောသည်။ **(VOA 081110)** Read More...
- ရော၀တီတိုင်း လေးမျက်နှာမြို့နယ်အတွင်းရှိ မဲရုံများထဲတွင် မဲရေတွက်မှု မပြီးဆုံးခင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှ အနိုင်ရကြောင်း ကြေညာလိုက်ကာ အခြားပါတီများမှလည်း မဲရေတွက်နေမှုများကို ကြည့်ရှုခွင့်မပေး၊ စာရင်းမယူရန် တားမြစ်မှုများပြုလုပ်နေသည်ဟု မြို့ခံတစ်ဦးကပြောသည်။ **(VOA 081110)** Read More...
- သျှမ်းပြည်တောင်ပိုင်း လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲရှိ မဲရုံတစ်ခုတွင်  ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ပြည်နယ်လွှတ်တော်အမတ်လောင်း က ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** ကို မဲတဝက်ပင် မမီသဖြင့် အရှက်တကွဲမဖြစ်စေရန် ဗျူဟာမှူးဆန္ဒအရ **USDP** အတွက် ထောက်ခံမဲများ ထပ်ထည့် ခိုင်းသည်ဟု မဲရုံတာဝန်ကျ တစ်ဦးက ပြောသည်။ **(S.H.A.N 091110)** Read More...
- လားရှိုးမြို့နယ် ကျေးရွာအုပ်စုအချို့တွင် မဲပုံးများရေတွက်မှု မကုန်သော်လည်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်လောင်းများ လွှတ်တော် ၃ ရပ်စလုံး အနိုင်ရသည်ဟုကြေညာကာ အခြားပါတီ ကိုယ်စားလှယ်များ ရုံးနိမ့် ကြောင်းမြို့နယ် ကော်မရှင်ရုံးတွင် လက်မှတ်ရေးထိုးခိုင်းသည်ဟု လားရှိုးမှ **SNDP** ကိုယ် စားလှယ်လောင်းတစ်ဦး က ပြောသည်။ **(S.H.A.N 091110)** Read More ...
- ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့နယ် လွှတ်တော်သုံးခုစလုံးတွင် နအဖစစ်အစိုးရ ကျောထောက်နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ကြိုတင်မဲ ထောင်ဂဏန်းရှိသောကြောင့် အနိုင်ရထားသည်ဟု ချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းကျဲအိုဘခ်ထောင်းကပြောသည်။ **(Khonumthung 091110)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ဖာပွန်မြို့တွင်ရွေးကောက်ပွဲနေ့ မတိုင်မီ သုံးရက်ဆက်တိုက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ကြိုတင်မဲကောက်ခံထားမှုကြောင့် မဲထည့်သည့် နိုဝင်ဘာလ ၇ရက်နေ့တွင် မဲရုံဟူ၍ သီးသန့်မရှိဘဲ မြို့နယ်အားကစားရုံ၌သာ မဲထည့်ရန်ကျန်ရှိသူများက သွားရောက်မဲထည့်ခဲ့သည်ဟု မြို့ခံတစ်ဦးက ပြောသည်။ **(KIC 091110)** [Read More...]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တွင် ၃၇ မြို့နယ်၌ အနိုင်ရကြောင်း ရန်ကုန်တိုင်း **USDP** စည်းရုံးရေးမှူး ဦးတင်မောင်ဝင်းက သတင်းထောက်များကို နိုဝင်ဘာလ ၈ ရက်နေ့ညနေတွင် တရားဝင်ပြောကြားလိုက်သည်ဟု ရန်ကုန်စာနယ်ဇင်းရပ်ကွက်ကဆိုသည်။ **(RFA 091110)** [Read More...]
- မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် သထုံမြို့တို့အပါအဝင် မြို့နယ်အချို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အမှတ်တံဆိပ်ဖြစ်သည့် ခြင်္သေ့တံဆိပ်များပါဝင်သော စတစ်ကော်လာအကျီအဖြူများကို မဲရုံများတွင် ဝေငှသွားသည်ဟု မော်လမြိုင်မြို့နယ် ဒိုင်းဝန်ကွင်းရပ်နေ လူငယ်တစ်ဦးက ပြောသည်။ **(The Voice 091110)** [Read More...]
- ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အရေးနိမ့်ခဲ့သည့် ပြည်သူ့လွှတ်တော် ၇ နေရာ၊ အမျိုးသားလွှတ်တော် ၄ နေရာနှင့် တိုင်း ဒေသကြီး လွှတ်တော် ၁၅ နေရာရှိသည်ဟု **USDP** ရန်ကုန်တိုင်း စည်းရုံးရေးမှူးဦးတင်မောင်ဝင်းကပြောသည်။ **(The Voice 091110)** [Read More...]
- တနင်္သာရီတိုင်း လောင်းလုံမြို့နယ်ရှိ လွှတ်တော်အသီးသီးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က အနိုင်ရရှိရန်အတွက် ရပ်ကွက်ကော်မရှင်များက **USDP** ကို ကြိုတင်မဲအများအပြားရရှိရန် ဖိအားပေးမှုများရှိခဲ့ကြောင်း ကော်မရှင်နှင့်နီးစပ်သူများကပြောသည်။ **(The Voice 091110)** [Read More...]
- မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် ရွေးကောက်ပွဲ အောင်နိုင်မှုအခမ်းအနားကို မန္တလေး ၂၇ လမ်းနှင့် ၆၄ လမ်း ထောင့်ရှိ အိုရီရန်တယ်လ် ဟောက်စ်စားသောက်ဆိုင်တွင် ကျင်းပရာမြို့တော်ဝန် အပါအဝင် အနိုင်ရခဲ့သည့် ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်နှင့်စစ်အရာရှိကြီးများ တက်ရောက်သည်ဟု **USDP** နှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(Irrawaddy 101110)** [Read More...]
- သျှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဦးသန်းမောင်က ငွေကျပ် ၅ သိန်းကို ဒေသခံများထံမှ ကြိုတင်ထောက်ခံမဲများရရှိရန် တဦးလျှင် ငွေကျပ် ၅ ထောင်ဟု ညွှန်ကြားခဲ့ပြီး ၄င်းပါတီဝင်များကတစ်ဦးလျှင် ငွေကျပ် ၂ ထောင်စီသာပေးပြီ မဲရရန်စည်းရုံးခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(Palaungwomen 101110)** [Read More...]
- စီးပွားရေး လုပ်ငန်းရှင်ဖြစ်ပြီး စစ်အစိုးရနှင့် နီးစပ်သူ ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်တိုင်း မဲဆန္ဒနယ် အမှတ် ၉ အမျိုးသားလွှတ်တော်အတွက် အနိုင်ရရှိခဲ့ကြောင်း ပြိုင်ဘက်ပါတီများက ပြောသည်။ **(Mizzima 111110)** [Read More ...]
- ရှမ်းပြည်နယ်အတွင်း အထင်ကရ မူးယစ်ဆေးဝါးဖြင့် နာမည်ပျက်စာရင်းရှိသော ဦးကျော်မြင့်၊ ဦးမြင့်လွင့်၊ ဦးတီခွန်မြတ်၊ ဦးခင်းမိုင်၊ လျူဂိုရှီးနှင့် ဘိုင်းဆူချွန်တို့ ၆ ဦးသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ အမတ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာ အနိုင်ရရှိခဲ့ ကြောင်း ရှမ်းသံတော်ဆင့်သတင်းဌာန အယ်ဒီတာ ဦးစိန်ကြည်ကပြောသည်။ **(VOA 111110)** [Read More...]
- ရွေးကောက်ပွဲပြီးနောက် ရွေးကောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာရာ ကရင်နီပြည်နယ် လွှတ်တော်နေရာများအားလုံးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** တခုတည်းသာ ရယူထားသည်။ **(Kantarawaddy Times 121110)** [Read more...]

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** သည် မြန်မာ့နိုင်ငံရေးအတွက် ရွေးကောက်ပွဲ မဲမသမာမှုများ ကိစ္စများကို စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ကာ ဥပဒေလမ်းကြောင်းအတွင်းမှ လုပ်ဆောင်သွားမည်ဟု ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ပြောသည်။ **(VOA 081110)** [Read More...]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- နအဖ စစ်အစိုးရ ကျင်းပပြုလုပ်သော ၂၀၁၀ ရွေးကောက်ပွဲကို မြန်မာလူထုတစ်ရပ်လုံးနှင့်အတူ နိုင်ငံတကာက ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုရန် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့၊ ၈၈မျိုးဆက် ကျောင်းသားများနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်များက နိုဝင်ဘာလ ၉ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(Irrawaddy 091110)** [Read More...](), [DVB...]()
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ **CRPP** တို့အနေဖြင့် မူလရပ်တည်ချက်အတိုင်း နိုင်ငံရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု **NLD** ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းနှင့် **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်တို့က အသီးသီးပြောဆိုလိုက်သည်။ **(DVB 091110)** [Read More...]()
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပါက ဒေသအတွင်းနိုင်ငံရေးအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးကို အဓိက ထားလုပ်ဆောင်သွားမည်ဟု **NLD** နှင့် နီးစပ်သောအမည်မဖော်လိုသူတစ်ဦးကပြောသည်။ **(Irrawaddy 101110)** [Read More...]()
- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ် အယူခံအမှုကို နေပြည်တော်ရှိ တရားရုံးချုပ်တွင် တရားသူကြီးချုပ် ဦးအောင်တိုးအပါအဝင် တရားသူကြီး ၃ ဦးက အောက်တိုဘာ ၂၉ ရက်နေ့က လက်ခံကြားနာစစ်ဆေးခဲ့ပြီး နိုဝင်ဘာလ ၁၂ နေ့တွင် ပယ်ချလိုက်သည်ဟု ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းကပြောသည်။ **(Irrawaddy 111110)** [Read More ...]() [Mizzima]()
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုကို ကြိုဆိုရန် အတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီး နိုင်ငံရေးဦးဆောင်မှုကို ပြန်လည်ပေးနိုင်ရန်အတွက် ပါတီဌာနချုပ်ရှိ သူ၏ရုံးခန်းကို ပြင်ဆင်ထားသည်ဟု **NLD** အတွင်းရေးမှူး ဦးဝင်းတင်က ပြောသည်။ **(Irrawaddy 111110)** [Read more...]()
- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပါက တွေ့ဆုံနိုင်ရန်အတွက် တိုင်းနှင့်ပြည်နယ်အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိနေကြပြီး စုစုပေါင်း ၁၀၀ နီးပါး ခန့်ရှိသည်ဟု အဖွဲ့ချုပ်ဗဟိုကော်မတီဝင် မဖြူဖြူသင်းက ပြောသည်။ **(RFA 111110)** [Read More...]()
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က တရားဥပဒေရှုထောင့်မှ ရပ်တည်ပြီး နအဖစစ်အစိုးရမှ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နိုဝင်ဘာလ ၁၃ ရက်နေ့တွင် လွှတ်ကိုလွှတ်ပေးရမည်ဟု ယုံကြည်ကြောင်း ပြောဆိုလိုက်သည်။ **(DVB 111110)** [Read More...]()
- နအဖစစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရေအစီအစဉ်နှင့် ပတ်သက်၍ လာရောက် စောင့်ဆိုင်း နေသော **NLD** အဖွဲ့ဝင်များနှင့် ပြည်သူများ၏ လုံခြုံရေးကို အာဏာပိုင်များအနေဖြင့် သေချာစွာ စီစဉ်ပေးသင့်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးဝင်းတင်ကပြောသည်။ **(BBC 121110)** [Read More...]()
- စစ်အစိုးရ အာဏာပိုင်များက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမည်ဟု ပြောဆိုမှုများရှိနေသော်လည်း နိုဝင်ဘာလ ၁၂ ရက်နေ့အထိ လွတ်မြောက်ရန် မသေချာသေး ကြောင်း **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ **(Irrawaddy 121110)** [Read More...]()
- မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်ကို နေအိမ် အကျယ်ချုပ် ချထားရာမှ စစ်အစိုးရက နိုဝင်ဘာလ ၁၃ ရက်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပြန်လွှတ်ပေးလိုက်ရာ ရန်ကုန်မြို့ တက္ကသိုလ် ရိပ်သာလမ်းရှိ သူမ၏နေအိမ်ခြံရှေ့တွင် လာရောက်စောင့်ဆိုင်းနေသော ထောင်နှင့်ချီသည့်ပြည်သူများအား ဒေါ်အောင်ဆန်းစုကြည်မှ လာရောက်နှုတ်ခွန်းဆက်စကားပြောခဲ့သည်။ **(RFA 131110)** [Read More...](), [Irrawaddy...](), [VOA...]()

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့တွင် ဗိုလ်မှူးကြီး စောလားပွယ် (ခေါ်) နှုတ်ခမ်းမွေး ဦးဆောင်သော တိုးတက် သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** တပ်မဟာ ၅ တပ်ဖွဲ့နှင့် နအဖစစ်အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားရခြင်းမှာ ၎င်းတို့အပေါ် စစ်အစိုးရက ဖိအားပေးလွန်းသောကြောင့်ဖြစ်သည်ဟု ရှမ်းပြည်တပ်မတော် တောင်ပိုင်း **SSA-S**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ခေါင်းဆောင် ဒုဗိုလ်ချုပ်ကြီး ရွှက်ဆစ်က နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြောဆိုလိုက်သည်။ **(Irrawaddy 081110)** Read More...

- ဗိုလ်နော်တယာ ဦးဆောင်သည့် **DKBA** တပ်ရင်း (၉၀၇) နှင့် **KNU** တပ်မဟာ(၆) ဗိုလ်ကြီးစောထဲနေ တပ်ဖွဲ့တို့ပူးပေါင်းပြီး နအဖ ခလရ(၂၈၃)နှင့် ခမရ(၄၀၅)တပ်ရင်းများအား ဘုရားသုံးဆူနှင့် မဲ့ကသာသွားရာလမ်း ရပ်ကွက်(၄) နအဖ တပ်စခန်းတွင် တိုက်ပွဲဖြစ်ခဲ့ပြီးနောက် မွန်းလွဲ ၂နာရီကျော်တွင် ပူးပေါင်းတပ်များက ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူမြို့ ကိုသိမ်းလိုက်သည်ဟု **KNU** တပ်မဟာ(၆) ဗိုလ်ကြီးစောဆဲနေက ပြောသည်။ **(KIC 081110)** Read More ... IMNA
- နအဖတပ်များနှင့် တိုက်ခိုက်နေသည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** ကို အခြားတိုင်းရင်းသားလူမျိုးများအားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးကြရန် ဗိုလ်မှူးကြီး ယွက်စစ်ဦးဆောင်သည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)က တိုက်တွန်းလိုက်ကြောင်းနှင့် **DKBA** ၏ ရဲဝံ့ပြတ်သားသည့် ဆုံးဖြတ်ချက်နှင့် ရှုပ်ရှုပ်ချွန်ချွန် ပြန်လည်တိုက်ခိုက်သည့်အပေါ် အထူးလေးစားကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ **(DVB 091110)** Read More . . .
- ရှမ်းပြည်နယ် ကလောဌာနချုပ်၊ တပ်မ ၅၅ လက်အောက်ခံ တပ်ရင်း ခမရ ၅၁၂၊ ခမရ ၅၁၁နှင့် ခမရ ၅၁၇ တို့သည် ကရင်နီပြည် လွိုင်ကော်မြို့နယ်အတွင်းသို့ နိုဝင်ဘာလ ပထမပတ်မှစပြီး စစ်ဆင်ရေးထိုးကာ စစ်ရေးလှုပ် ရှားမှုပြုလုပ်နေသည်ဟု ကရင်နီ ပြည်ထဲရေးဌာနမှ ဒု–ဝန်ကြီး ခူးဒေးရယ်က ပြောသည်။ **(Kantarawaddy Times 111110)** Read more...
- ကရင်အမျိုးသားအစည်းအရုံး **KNU** က နအဖစစ်အစိုးရနှင့် တိုက်ခိုက်နေသည့် ဗိုလ်မှူးချုပ် နှုတ်ခမ်းမွှေး ဦးဆောင်သော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** ၏ ရွေးကောက်ပွဲဆန့်ကျင်ရေး လုပ်ရပ်ကို ထောက်ခံကြောင်းနှင့် အခြားလက်နက်ကိုင်တပ်များ အားလုံးကလည်းဝိုင်းဝန်းကူညီကြရန် တိုက်တွန်းလိုက်သည်ဟု **KNU** တွဲဖက်အတွင်း ရေးမှူး ၁ ပဒိုစောလှငွေက ပြောသည်။ **(DVB 111110)** Read More...
- ဖယ်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ၆ ဖွဲ့မှ ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO**၊ မွန်ပြည်သစ်ပါတီ **NMSP** ၊ ကရင်အမျိုးသားအစည်းအရုံး **KNU** နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ **KNPP** တို့ ၄ ဖွဲ့မှ ခေါင်းဆောင်များသည် ထိုင်း–မြန်မာ နယ်စပ်တစ်နေရာတွင် ထပ်မံတွေ့ဆုံပြီး အလုပ် ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။ **(RFA 121110)** Read More...
- နိုဝင်ဘာလ ၁၁ ရက်နေ့က နအဖစစ်အစိုးရ အမြောက်တပ်ရင်း ၃၆၁ ကို ရှမ်းပြည်တပ်မတော်တောင်ပိုင်း **SSA-S** တပ်ဖွဲ့မှ ခြုံခိုတိုက်ခိုက်ခဲ့ရာ နအဖ စစ်အစိုးရဖက်မှ ဗိုလ်မှူးကြီးအဆင့်ရှိသူတစ်ဦးအပါအဝင် (၄) ဦးကျဆုံးသည် ဟု **SSA** ပြောခွင့်ရ ဗိုလ်မှူးလောဝ်ဆိုင်ကပြောသည်။ **(NMG 121110)** Read More...
- ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့နယ် ကျောက်ကွဲကျေးရွာ၌ နိုဝင်ဘာလ ၁၁ ရက်နေ့နံနက်ပိုင်းတွင် **KNU** တပ်မဟာ (၆) လက်အောက်ခံ တပ်ရင်း (၁၆) မှ တပ်အင်အား ၄၅ ဦးခန့်နှင့် အရှေ့တောင်တိုင်း ခမရ– ၂၈၄ နှင့် ခမရ – ၂၀၇ တပ်ရင်းတို့မှ အင်အား ၂၀၀ ခန့်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ တပ်သား ၂၀ ခန့် ကျဆုံး ဒဏ်ရာရရှိခဲ့ကြောင်း **KNU** နှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(IMNA 121110)** Read More...

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- ကရင်ပြည်နယ် မြဝတီမြို့တွင်းရှိ တံတားထိပ်၊ စရဖရုံး၊ ဆယ်သွယ်ရေးရုံးနှင့် ရဲစခန်းများစသည့်ရုံးများကို တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** က လူထု၏ ကမ်းလှမ်းချက်အရ သိမ်ယူလိုက်ပြီး နအဖလက် အောက်ခံ နယ်ခြားစောင့်တပ်ဖွဲ့ဝင် ၂၀၀ ကလည်း ပြန်လည်ပူးပေါင်းလာသည်ဟု **DKBA** ခေါင်းဆောင် ဗိုလ်မှူးချုပ်နှုတ်ခမ်းမွှေး (ခေါ်) စောလဘွယ်က ပြောသည်။ **(DVB 071110)** Read More... **(KIC 071110)** Read More...
- နအဖစစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲကို နယ်ခြားစောင့်တပ်ဖွဲ့ရေး လက်မခံသည့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် **UWSA** ကအသိအမှတ်မပြုကြောင်း ရွေးကောက်ပွဲမကျင်းပမီ ၁ ရက်အလို နိုဝင်ဘာလ ၆ ရက်နေ့က



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

အချက်(၄ချက်)ပါ ကြေငြာချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်ဟု တရုတ်နယ်စပ်ရှိ စစ်ရေးနိုင်ငံရေး အခဲခတ် ဦးအောင်ကျော်ဇောက ပြောသည်။ **(S.H.A.N 071110)** Read More...

- ကရင်ပြည်နယ် မြဝတီမြို့တွင် နိုဝင်ဘာလ ၈ ရက်နေ့ နံနက် (၈) နာရီ (၄၀) မိနစ်တွင် နအဖစစ်တပ်နှင့် **DKBA** တပ်များ တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ပြီး ပြည်သူများ (၅) ဦးထက်မနည်း သေဆုံးကာ (၂၀) ကျော် ဒဏ်ရာရရှိထားကြောင်း သေဆုံး ဒဏ်ရာရသူ စစ်သားလည်း ရှိနေကြောင်း မြဝတီမြို့ခံတစ်ဦးက ပြောသည်။ **(IMNA 081110)** Read More...
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံရာက စပြီး ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင် ဆန္ဒပြသည့် အနေဖြင့် တိုက်ပွဲများဖော်ဆောင်ခဲ့သည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** သည် ရွေးကောက်ပွဲ အတွင်း မဲမသမာမှုများနှင့် မတရားမှုများ ရှိသောကြောင့် နအဖစစ်အစိုးရကို တိုက်ပွဲများ ဆက်လက် ဆင်နွှဲရန်ရှိသည်ဟု **DKBA** စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး နှုတ်ခမ်းမွေးက ပြောသည်။ **(VOA 081110)** Read More...
- ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **KIA** သည် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် **DKBA** နှင့် နအဖ စစ်အစိုးရ အကြား ဖြစ်ပွားနေသော မြဝတီစစ်ပွဲအား အနီးကပ်စောင့်ကြည့်နေသည်ဟု **KIA** ထံမှ သိရသည်။ **(KNG 091110)** Read More...
- ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့ရှိ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** ၏ တပ်မဟာ (၅) ဌာနချုပ် ဝေါ်လေမြိုင်စခန်းကို စစ်အစိုးရတပ်များက နိုဝင်ဘာလ ၉ ရက်နေ့မနက် ၁၀ နာရီမှစပြီး အဝေးပစ်မော်တာ များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ပြီး ပြန်လည်သိမ်းပိုက်လိုက်သည်။ **(BBC 091110)** Read More...
- ပြည်သူ့စစ်အသွင်ပြောင်းရန်ငြင်းဆန်သော အပစ်ရပ် သျှမ်းပြည်တပ်မတော် မြောက်ပိုင်း တပ်မဟာ ၁ ထိန်းချုပ်နယ် မြေအတွင်း ရွေးကောက်ပွဲမတိုင်မီ တပ်အင်အားတိုးချဲ့ ဖြည့်တင်းထားသော နအဖတပ်များ ပြန်လည် ဆုတ်ခွာခြင်း မရှိသေးဘဲ နေရာ ယူထားဆဲဖြစ်သည်ဟု မိုင်းရှူးဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 111110)** Read More ...
- ကရင်ပြည်နယ် မြဝတီမြို့တောင်ဘက် ဝေါ်လေရှိ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** ဌာနချုပ်ကို ဝင်သိမ်းထားသည့် စစ်အစိုးရတပ်က ဒဏ်ရာရလူနာများကို မြဝတီမြို့သို့ ပြန်ပို့ရန်အတွက် ၄င်းတို့ထောင် ထားသည့် မိုင်းကွင်းများကို ရှင်းလင်းပေးရန် **DKBA** တပ်မဟာ ၅ ခေါင်းဆောင် ဗိုလ်မှူးချုပ်စောလာဖွယ် (နှုတ်ခမ်းမွေး) ကို တောင်းဆိုလိုက်သည်။ **(BBC 111110)** Read More...
- ရွေးကောက်ပွဲ လုံခြုံရေးဟု အကြောင်းပြကာ ရှမ်းပြည်တပ်မတော် မြောက်ပိုင်း **SSA-N** တပ်မဟာ ၁ ဗဟိုဌာနချုပ် အခြေစိုက် ဝန်ဟိုင်းဒေသတဝိုက်တွင် စစ်အစိုးရတပ် ခလရ (၃၃) နှင့် **SSA-N** ဗဟိုလုံခြုံရေးတပ်များတို့ နိုဝင်ဘာ ၁၁ ရက်နေ့ည ၅ နာရီတွင် တစ်နာရီနီးပါးကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ **(RFA 121110)** Read More..., Irrawaddy...
- တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** မှ နိုဝင်ဘာလ ၈ ရက်နေ့က မြဝတီခရိုင် ဝေါ်လေ ဒေသတွင် ဖမ်းဆီးရမိခဲ့သော နအဖ စကခ(၈) နည်းဗျူဟာ(၃)မှ **G-3** တပ်မှူးတစ်ဦးအား နယ်စပ်လမ်း တနေရာတွင် နိုဝင်ဘာလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းအချိန်တွင် ပြန်လွှတ်ပေးလိုက်သည်ဟု အမည်မဖော်လိုသည့် **DKBA** တပ်ဖွဲ့ဝင်တစ် ဦးကပြောသည်။ **(KIC 121110)** Read More ..., Irrawaddy
- ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးသားခေါင်းဆောင်အဖြစ် ရပ်တည်ပြီး တိုင်းပြည်ပြဿနာများကို ဖြန်ဖြေဖြေရှင်း ပေးရန် လိုလားကြောင်း ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောဆိုလိုက်သည်။ **(DVB 131110)** Read More...

## နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နအဖ နှင့် နယ်ခြားစောင့်တပ်အသွင်ပြောင်းခဲ့သည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင် အမျိုးသားတပ်မတော် **DKBA** တပ်ဖွဲ့တို့ပူးပေါင်းပြီး **DKBA** တပ်ဖွဲ့ဝင်မိသားစုများနေအိမ်များအား လိုက်လံရှာ ဖွေပြီး တွေ့ရှိသမျှပစ္စည်းများကို သိမ်းယူသွားကြောင်း **DKBA** တပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။ **(DVB 131110)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

နိုင်ငံရေးပါတီများ

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ အမတ်လောင်း ဦးအောင်ကြည်သည် ''ရှုံးနိမ့်ခြင်းကို ခံနိုင်ရည်ရှိပါစေ ဦးသုဝေ'' ဟု အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် ရေးသားထားမှုနှင့် ပတ်သက်၍ ဒီမိုကရက်တစ် ပါတီ (မြန်မာ) ဥက္ကဌ ဦးသုဝေက ပြည်သူလူထု၏ ဆန္ဒအရ **USDP** အနိုင်ရရန် အလားအလာနည်းနေသဖြင့် မရရ သည့်နည်းဖြင့် ပြုလုပ်နေကြောင်း ပြောကြားလိုက်သည်။ **(DVB 071110)** **Read More...**
- ရှမ်းပြည်တောင်ပိုင်း လင်းခေးမြို့ရှိ ရပ်ကွက်ပေါင်း ၁၅ ခုရှိပြီး မဲဆန္ဒရှင် ၁၀၀ ကျော်ရှိသည့် ဘန်ပေါင်းအရပ် မဲရုံ၌ မွန်းလွဲ ၁ နာရီက မဲရေတွက်မှု အဖြေများသိရှိရပြီး စုစုပေါင်း ပယ်မဲ ၁၈ မဲ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးပါတီ **USDP** မှ ၃၇ မဲနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူ)မှ ၆၉ မဲရရှိခဲ့သည်ဟု ကျားဖြူပါတီ အမတ်လောင်း စိုင်းလှကျော်က ပြောသည်။ **(DVB 071110)** **Read More...**
- ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တိုးချဲ့ရပ်ကွက် မဲရုံ ၁ နှင့် မဲရုံ ၂ တို့တွင် မဲစာရင်းတွင်မပါသူ ၂၀ ဦးနှင့် ဝိုင်ယာလက်ဘက်တွင် ၃၀ ဦးတို့အထိ ဆက်လက်တိုးလာနေပြီး မဲမပေးရသူများ ရှိနေသည်ဟု မဲရုံများကို လိုက်လံစောင့်ကြည့်နေသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက ပြောသည်။ **(DVB 071110)** **Read More...**
- အောင်မေတ္တာရပ်ကွက် မဲရုံအမှတ်(၁)တွင် ပလောင်လူမျိုးများ မဲထည့်ခွင့်မရရှိခြင်းနှင့်ပတ်သက်ပြီး တအောင်း (ပလောင်) အမျိုးသားပါတီ **TNP** မှ အမတ်လောင်း ဦးကျော်အေးက ရပ်ကွက်အတွင်းရေးမှူး၊ မဲရုံမှူးများနှင့် ပြန်လည်ညှိနှိုင်းပြီး မဲထည့်ခွင့် ပြန်လည်ရရှိခဲ့သော်လည်း မဲရုံမှ ပြန်သွားသူများက မဲပြန်လည်မထည့်တော့ကြောင်း မဲပြန်လည်ထည့်ခွင့်ရသူ တစ်ဦးကပြောသည်။ **(Palaungwomen 071110)** **Read More...**
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** မှ ခန့်အပ်ထားသော မူစယ်ခရိုင် မုံးကိုးမြို့နယ်ခွဲ မဲဆန္ဒနယ်မြေ မဲရုံ ကိုယ်စားလှယ် ၃ ဦးအား မဲရုံမှူးက မဲရုံစောင့်ကြည့်ခွင့်မပြုသဖြင့် နိုဝင်ဘာလ ၇ ရက်နေ့ နံနက် ၇ နာရီခွဲကျော်အထိ နှစ်ဘက်အချေအတင် ဖြစ်ခဲ့သည်ဟု **SNDP** နှင့်နီးစပ်သူတစ်ဦးကပြောသည်။ **(S.H.A.N 071110)** **Read More...**
- မွန်ပြည်နယ် မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာ မဲရုံ (၂) တွင် မဲရုံမှူးကိုယ်တိုင် မဲပြားများပေါ်တွင် လက်မှတ် ရေးထိုးစဥ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က အမှန်ခြစ်ပေးနေသည်ကို မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းနွယ်စိုးက တွေ့ရှိခဲ့သဖြင့် ကန့်ကွက်ပြောဆိုလိုက်သည်။ **(Kaowao 071110)** **Read More...**
- ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က မဲလိမ်၊ မဲခိုးမှုများနှင့် ကြိုတင်မဲများ များပြားသည့်အတွက် ဖြစ်ပေါ်လာမည့် ရွေးကောက်ပွဲရလဒ်ကို လက်ခံမည်မဟုတ်ဘဲ ဒီမိုကရေစီပါတီများ စုပေါင်းပြီး ကော်မရှင်တွင် ကန့်ကွက်သွားမည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) အထွေထွေအတွင်းရေးမှူး (၁) ဒေါ်ချိုချိုကျော်ငြိမ်းကပြောသည်။ **(Irrawaddy 081110)** **Read More ...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှ ပြိုင်ဘက်ပါတီများကို အနိုင်ရခြင်းသည် ဥပဒေနှင့် မညီသည့် ကြိုတင်မဲများကြောင့်ဟု တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ **NUP** လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးညွန့်တင်က ပြောသည် **(Irrawaddy 081110)** **Read More...**
- ရွေးကောက်ပွဲ မသမာမှုများနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်မှ ရှင်းလင်းပေးခြင်းမရှိပါက ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်မပြုရန် အခြားဒီမိုကရေစီပါတီများနှင့် ပြောဆိုထားသည်ဟု အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေက ပြောသည်။ **(Irrawaddy 081110)** **Read more ...**
- ရခိုင်ပြည်နယ်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **RNDP** က လွှတ်တော် သုံးရပ်စလုံးအတွက် မဲဆန္ဒနယ် အားလုံးနီးပါးတွင် အနိုင်ရရန် သေချာသည်ဟု **RNDP** ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ **(Irrawaddy 081110)** **Read More ...**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ကျောက်ဖြူမြို့နယ်တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရွေးကောက်ပွဲများတွင် တစ်ကြိမ်မှမနိုင်ခဲ့သော်လည်း ယခုရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် သမိုင်းဝင် အောင်ပွဲခံလိုက်ပြီ ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဘရှိန်ကပြောသည်။ **(Narinjara 081110)** **Read More...**
- ရန်ကုန်တိုင်းအနှံ့အပြားတွင် အသားစီးရခဲ့သည့် အမျိုးသားဒီမိုကရေစီအင်အားစုမဲများသည် ရုတ်တရက် အလုံးအရင်းနှင့် ရောက်လာသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို ထောက်ခံသည့် ကြိုတင်မဲများ ကြောင့် အနိုင်အရှုံး ပြောင်းပြန်ဖြစ်မှုများကို ကော်မရှင်မှ ဖြေရှင်းမပေးပါက ရလဒ်ကို အသိအမှတ်ပြုမည်မဟုတ်ဟု ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(VOA 081110)** **Read More...**
- စစ်အစိုးရကျင်းပသည့် ရွေးကောက်ပွဲရလဒ်သည် မတရားလုပ်ဆောင်ခြင်းသာဖြစ်ပြီး အဓမ္မရလဒ်ကို အသိအမှတ်ပြုမည်မဟုတ်ဟု ပြည်ထောင်စု ဒီမိုကရေစီပါတီ၏ ဥက္ကဋ္ဌ ဦးသိန်းဌေးက ပြောသည်။ **(DVB 081110)** **Read More...**
- ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အမတ်လောင်း ကိုသန့်ဇင်၏ ယောက္ခမဖြစ်သူ၊ ကော်မရှင် ဥက္ကဋ္ဌက လာသမျှမဲအများအပြားကို ခိုးယူခဲ့သည့်အတွက် မဲရလဒ်များကို လက်မခံနိုင်ကြောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဒေါ်ချိုချိုကျော်ငြိမ်းက ပြောသည်။ **(VOA 081110)** **Read More...**
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ ကရင်ပြည်သူ့ပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ)၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်နှင့် မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ စသည့်ပါတီခေါင်းဆောင်များက မဲရေတွက်ပြီးချိန်တွင် အနိုင်ရနေသော်လည်း ထပ်မံယူဆောင်လာသော ကြိုတင်မဲများကြောင့် ရှုံးနိမ့်သွားခဲ့သည်ဟု ပါတီ အသီးသီးမှ ပြောဆိုလိုက်သည်။ **(VOA 081110)** **Read More...**
- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** က ဝင်အရွေးခံသည့် အမတ်လောင်း ၄၄ ဦးတွင် ၃၉ ဦးထက်မ နည်း အပြတ်အသတ် အနိုင်ရနေသော်လည်း ရွေးကောက်ပွဲ၏ အားနည်းချက်များကို ကော်မရှင်အဆင့်ဆင့်ထံ တင်ပြသွားမည်ဟု ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကပြောသည်။ **(VOA 081110)** **Read More...**
- မွန်ပြည်နယ်အတွင်းရှိ မဲရုံများတွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ မဲအပြတ်အသတ် နိုင်သည့်နေရာအများအပြားရှိသော်လည်း မြို့နယ်ကော်မရှင်ရုံးများရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို ထောက်ခံသည့် ကြိုတင်မဲများကြောင့် အတည်ပြုပြောဆိုနိုင်ရန် ခက်ခဲနေသည်ဟု ပါတီအထွေထွေအတွင်းရေးမှူး ဒေါက်တာ မင်းနွယ်စိုးက ပြောသည်။ **(VOA 081110)** **Read More...**
- ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူ)၏ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ရှမ်းပြည်နယ်တွင် အနိုင်ရရန် ၈၀ ရာခိုင်နှုန်းရှိသည်ဟု မှန်းထားသော်လည်း ကြိုတင်မဲများကြောင့် ၄၀ ရာခိုင်နှုန်း အနိုင်ရရန်ပင် ခက်နေသဖြင့် စိတ်ပျက်နေကြောင်း ပြောဆိုလိုက်သည်။ **(VOA 081110)** **Read More...**
- အင်းလေး အခြေစိုက် ညောင်ရွှေမြို့နယ်တွင် မဲပေးနိုင်သူ ၈၀ ရာခိုင်နှုန်း လာရောက်မဲပေးခဲ့ပြီး အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဝင်ရောက်အရွေးခံသည့် အမတ်လောင်း ၅ နေရာစလုံး ရာနှုန်းပြည့် အနိုင်ရခဲ့ကြောင်း ပါတီတာဝန်ရှိသူတစ်ဦးက ပြောသည်။ **(The Voice 081110)** **Read More...**
- အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ **NDF** အား ကိုယ်စားပြု၍ ပြည်သူ့လွှတ်တော် ဗဟန်းမြို့နယ် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော ဦးအောင်မြတ်ထွန်းသည် ဆန္ဒမဲများ ရေတွက်ပြီးချိန်တွင် ပြိုင်ဘက်ပါတီ ကိုယ်စားလှယ်လောင်းအား (ကြိုတင်မဲ မပါ) ဆန္ဒမဲ ၂၀၀၀ ကျော် အနိုင်ရရှိနေသော်လည်း မြို့နယ်ကော်မရှင်မှ ရှုံးနိမ့်ကြောင်း အကြောင်းကြားခဲ့သည်ဟု ဦးအောင်မြတ်ထွန်းက ပြောသည်။ **(The Voice 081110)** **Read More...**
- တောင်ဥက္ကလာပ မဲဆန္ဒနယ်ရှိ လွှတ်တော်အသီးသီး၏ မဲများသည် အငြင်းပွားဖွယ်ရာများရှိကြောင်း အခြားနိုင်ငံရေးပါတီများက ကန့်ကွက်ခဲ့သဖြင့် မဲများ ပြန်လည်ရေတွက်ရာ ရလဒ်ပြောင်းပြန်အဖြစ် တိုင်းဒေသကြီးလွှတ်တော်တွင် တသီးပုဂ္ဂလအမတ်လောင်း ဒေါက်တာစောနိုင်နှင့် အမျိုးသားလွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီမှ ဦးဖုန်းမြင့်အောင်တို့ ပြန်လည် အနိုင်ရရှိခဲ့ကြောင်း နိုဝင်ဘာ ၈ ရက်နေ့ည ၉ နာရီတွင် အသီးသီးပြောဆိုလိုက်သည်။ **(The Voice 081110)** **Read More...**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးနေမျိုးဝေက ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** နှင့် ရွေးကောက်ပွဲ ကော်မရှင်တို့မှယခုကဲ့သို့ မတရားလုပ်လိမ့်မည် မထင်မိသောကြောင့် အမျိုးသားဒီမိုကရေစီပါတီ **NLD** မှ ရွေးကောက်ပွဲ သပိတ်မှောက်ရန်ပြောစဉ် နားမထောင်မိခဲ့ကြောင်း၊ **NLD** ၏ ဆုံးဖြတ်ချက်မှန်ကန်သည်ဟု ပြောကြားလိုက်သည်။ **(Irrawaddy 091110)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် ကြိုတင်မဲများ အသုံးချကာ အခြားပါတီများအပေါ် အနိုင်ယူသွားခြင်းဖြစ်သည်ဟု တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ **NUP** က ပြောသည်။ **(Irrawaddy 091110)** Read More...
- ဒေါ်အောင်ဆန်းစုကြည်ပါဝင်သော တွေ့ဆုံဆွေးနွေးရေးများ ဖြစ်ပေါ်လာမှသာ မြဝတီတိုက်ပွဲအပါအဝင် နိုင်ငံရေးပြဿနာအားလုံး ပြေလည်သွားမည်ဖြစ်သည်ဟု ရွေးကောက်ပွဲဝင်ရောက်ခဲ့သည့် ပြည်ထောင်စု ဒီမိုကရေစီပါတီ **UDP** ဥက္ကဋ္ဌ ဦးသိန်းဒွေးက နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြောဆိုလိုက်သည်။ **(Irrawaddy 091110)** Read More ...
- ဝန်ကြီးချုပ်ဟောင်းများ၏ သမီးများဖြစ်ကြသော ဒေါ်ချိုချိုကျော်ငြိမ်း၊ ဒေါ်နေရီဗဆွေနှင့် ဒေါ်သန်းသန်းနုတို့သည် နအဖစစ်အစိုးရ ကျင်းပပြုလုပ်သော ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း မဲမသမာမှုများကြောင့် ရွေးကောက်ပွဲတွင် ဆိုးဆိုးဝါးဝါးဆုံးရှုံးမှုများ နှင့်ရင်ဆိုင်ခဲ့ရသည်ဟု ဒေါ်သန်းသန်းနုက ပြောသည်။ **(Irrawaddy 091110)** Read More...
- အာဏာရစစ်အုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အတွက် ကြိုတင်မဲများ မတရားကောက်ခံပေးထားသော်လည်း မြို့ကြီးအများအပြားတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** အနိုင်ရနေသည်ဟု **SNDP** မှတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ **(S.H.A.N 091110)** Read More ...
- မူစယ်မြို့နယ်တွင် လွှတ်တော် ၃ ရပ်စလုံး၌ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** မှ အနိုင်ရပြီး ည ၇ နာရီခွဲ အထိ ကော်မရှင်က ကွတ်ခိုင်မြို့နယ် စာရင်းသွင်းရန် ပျက်ကွက်နေသဖြင့် ခရိုင်တစ်ခုလုံး မဲစာရင်း မချုပ်နိုင်သေး ကြောင်း **SNDP** အသိုင်းအဝိုင်းက ပြောသည်။ **(S.H.A.N 091110)** Read More ...
- ပြည်နယ်လွှတ်တော်အသီးသီးတွင် ယှဉ်ပြိုင်ကြသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** အမျိုး သမီး လွှတ်တော်ကိုယ်စားလှယ်လောင်း ၉ ဦးအနက် ၅ ဦး အနိုင်ရရှိခဲ့သည်ဟု ရန်ကုန်ကျားဖြူရုံးချုပ်ကပြောသည်။ **(S.H.A.N 091110)** Read More...
- ဒီမိုကရက်တစ်ပါတီ (မြန်မာ) က ရွေးကောက်ပွဲမဲမသမှု မှတ်တမ်းများကို ပြုစုထားပြီး မကြာခင် သတင်းမီဒီယာများနှင့် တကွ နိုင်ငံတကာ သံတမန်များကို တင်ပြနိုင်ရန် စီစဉ်နေသည်ဟု ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(VOA 091110)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အနေဖြင့် အမတ်နေရာ ၈၀ ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည်ဟု အမည်မဖော်လိုသည့် ပါတီတာဝန်ရှိသူတစ်ဦးကို ကိုးကားပြီး သတင်းဌာနတွင် ရေးသားထားသော်လည်း ကြိုတင်မဲ အပါအဝင် မဲအငြင်းပွားမှုရှိနေပြီး ကြိုတင်အနိုင်ရကြောင်း ကြေညာမှုကို လက်ခံနိုင်ခြင်းမရှိဟု အခြားပါတီများက ပြောဆိုလိုက်သည်။ **(VOA 091110)** Read More...
- အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** က ရွေးကောက်ပွဲအတွင်း ကြိုတင်မဲအပါအဝင် မဲမသမာမှုများကို အမျိုးအစားအလိုက်ပြုစုပြီး ရွေးကောက်ပွဲကော်မရှင်ထံ တိုင်းကြားနိုင်ရန် နယ်မှသတင်းများ စုဆောင်းနေသည်ဟု **NDF** ပါတီခေါင်းဆောင် ဒေါက်တာသန်းငြိမ်းက ပြောသည်။ **(RFA 091110)** Read More...
- မွန်ပြည်နယ် မော်လမြိုင်မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်အရွေးခံသည့် မွန်ဒေသလုံး ဆိုင်ရာ ဒီမိုကရေစီပါတီအမတ်လောင်း ဦးလှခိုင်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို ရှုံးနိမ့်ရ ခြင်းသည် ကြိုတင်မဲကြောင့် ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။ **(DVB 091110)** Read More...
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူ)သည် ရှမ်းပြည်နယ်အတွင်းရှိ ၂၂ မြို့နယ်တွင် လွှတ်တော်အသီးသီး၌ အမတ်နေရာစုစုပေါင်း ၅၂ နေရာ အနိုင်ရရှိနေပြီဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက်နေ့ညပိုင်းတွင် ပါတီပြန်ကြားရေးဌာနမှ တာရှိသူတစ်ဦးက ပြောသည်။ **(The Voice 091110)** Read More...
- ရေတပ်စခန်း၊ ရေယာဉ်စု ဌာနချုပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့ ရှိနေသည့် မော်လမြိုင်မြို့နယ်တွင် တပ်မတော်သားများထည့်သည့် ကြိုတင်မဲ ၆၀,၀၀၀ ကျော်ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)နှင့် မွန်ဒေသလုံး ဆိုင်ရာ ဒီမိုကရက်တစ်ပါတီတို့က အပြတ်အသတ် ရှုံးနိမ့်ခဲ့ကြောင်း ယင်းပါတီ တာဝန်ရှိသူများက ပြောသည်။ **(The Voice 091110)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မာန်အောင်ကျေးရွာရှိ မဲရုံအမှတ်(၂)တွင် မဲပေးနိုင်သူ ၁၄၉၀ ဦးတွင် ပယ်မဲမှာ ၄၇၇ ဦးအထိ များပြားနေပြီး တအောင်း(ပလောင်)အမျိုးသားပါတီ **TNP** ၏ ကြိုတင်မဲများမှာလည်း တံဆိပ်တုံးမပါခြင်းနှင့် ကိုယ်စားမဲများလည်းပါဝင်ကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(Palaungwomen 101110)** Read More...
- ပဲခူးတိုင်း တောင်ငူမြို့နယ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီလေးခုအနက် ကရင်ပြည်သူ့ပါတီ **KPP** သည် မဲပေါင်း ၁,၇၅၇ မဲ ဖြစ်သည့်အတွက် အပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်ဟု မဲကော်မရှင်နှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(KIC 101110)** Read More ...
- သျှမ်းပြည်အရှေ့ပိုင်း **NDAA** အထူးဒေသ ၄ တပ်မဟာ ၃၆၉ ထိန်းချုပ်နယ်မြေနှင့် မျက်နှာချင်းဆိုင် မိုင်းယန်းမြို့တွင် ဒေသခံမျိုးချစ်ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် ၁၁ ရပ်ကွက်စလုံး ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** အနိုင်ရသည်ဟု ထိုင်းနယ်စပ် တာချီလိတ်သတင်းရပ်ကွက်မှ ပြောသည်။ **(S.H.A.N 101110)** Read More...
- နမ့်ခမ်းမြို့နယ် လွှတ်တော် ၃ ရပ်စလုံးတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** ကိုယ်စားလှယ်များက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များအပေါ် မဲအပြတ်အသတ်ဖြင့် အနိုင်ရသည်ဟု **SNDP** နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 101110)** Read More ...
- နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှု မရှိခဲ့ကြောင်း ပြန်လည် စိစစ်ပေးရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထံသို့ အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** ပါတီက စာ ရေးသားပေးပို့ တောင်းဆိုသွားမည်ဟု **NDF** ဥက္ကဌ ဒေါက်တာသန်းငြိမ်းက ပြောသည်။ **(Irrawaddy 111110)** Read More ...
- ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲအပြီး အင်အားအကောင်းဆုံးပါတီအဖြစ် ပေါ်ထွက်လာသော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** က ပြည်နယ်ဝန်ကြီးချုပ်နေရာ မမျှော်မှန်းဟု **RNDP** ဥက္ကဌ ဒေါက်တာအေးမောင်ကပြောသည်။ **(Mizzima 111110)** Read More...
- ကသာမြို့နယ်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၂ တွင် ဝင်ရာက်ယှဉ်ပြိုင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ (တစည) အမတ်လောင်း ဦးမောင်မောင်က မဲရေတွက်မှုများတွင် မသမာမှုများရှိသည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုခြင်းမရှိကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖြေရှင်းချက်ထုတ်ပေးရန် နေပြည်တော်အထိ တိုင်းကြားစာပို့လိုက်ကြောင်း ပြောကြားလိုက်သည်။ **(VOA 111110)** Read More...
- ကျိုက်မရောမြို့နယ်တွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပါတီဥက္ကဌ နိုင်ငွေသိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ လှအောင်တို့သည် မဲရုံးတိုင်းတွင် အနိုင်ရရှိသော်လည်း နောက်မှ ဝင်လာသည့် ကြိုတင်မဲ ၅,၀၀၀ ကြောင့် ရှုံးနိမ့်ခဲ့ရသည့်အတွက် ရွေးကောက်ပွဲကော်မရှင်ထံ သို့ စာတင်ထားသည်ဟု ပါတီ ဥက္ကဌ နိုင်ငွေသိန်းက ပြောသည်။ **(DVB 111110)** Read More...
- ကျိုက်မရောမြို့နယ်တွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ အမတ် ၃၄ ဦး ဝင်ပြိုင်သည့်အနက် နိုဝင်ဘာလ ၁၁ ရက်နေ့ အထိ ရေတွက်ပြီးစီးသမျှ ၁၆ ဦးနိုင်ပြီး ၁ ဦးမှာ ရေတွက်နေဆဲဖြစ်ပြီး ကြိုတင်မဲများကြောင့် ရှုံးနိမ့်မှုများလည်း ရှိနေသည်ဟု ပါတီပြောခွင့်ရ ဒေါက်တာမင်းနွယ်စိုးက ပြောသည်။ **(DVB 111110)** Read More...
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)သည် နောက်ဆုံးရထားသည့် စာရင်းများအရ ပြည်သူ့လွှတ်တော် ၁၃ ဦး၊ အမျိုးသားလွှတ်တော် ၅ ဦး၊ ပြည်နယ်–တိုင်းဒေသကြီးလွှတ်တော် ၄၃ ဦးနှင့် တိုင်းရင်းသားလူနည်းစုအတွက် ၂ ဦး စုစုပေါင်း ၆၃ ဦး အနိုင်ရထားသည်ဟု ပါတီပြောခွင့်ရ ဦးဟန်ရွှေက ပြောသည်။ **(DVB 111110)** Read More...
- သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်အမတ်လောင်းအဖြစ် အရွေးခံရသည့် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** မှ ဦးသိန်းညွန့်သည် လွှတ်တော်ထဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအဆိုကို အရင်ဆုံးတင်သွင်းမည်ဟု ပြောဆိုလိုက်သည်။ **(DVB 111110)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ဥက္ကဌ ဒေါက်တာသန်းငြိမ်းနှင့် ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဌ ဦးသုဝေတို့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ထောက်ခံမျှော်လင့် နေကြသည်။ **(VOA 121110)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ကရင်ပြည်နယ် ဘားအံနှင့် လှိုင်းဘွဲ့မြို့များတွင် ဝင်ရောက်အရွေးခံသည့် ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ **PSDP** အမတ်လောင်း ၅ ဦးတွင် ၄ ဦးအနိုင်ရရှိပြီး တစ်ဦးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ကြိုတင်မဲများကြောင့် ရှုံးနိမ့်ခဲ့ရသည်ဟု ပါတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောသည်။ **(DVB 121110)** [Read More...]
- မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်တွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာသို့ ကန့်ကွက်စာတင်ခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးမည်မဟုတ်ဟု မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **AMRDP** ထိပ်ပိုင်းခေါင်း ဆောင်တစ်ဦးက ပြောသည်။ **(Kaowao 121110)** [Read More...]
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မိမိတို့ ခေါင်းဆောင်အဖြစ် ရှိနေပြီး၊ သူမသာ လက်ခံမည်ဆိုပါက လက်တွဲရန်အသင့်ရှိကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောဆိုလိုက်သည်။ **(Mizzima 131110)** [Read More...]
- နအဖစစ်အစိုးရကျင်းပပြုလုပ်ခဲ့သည့် နိုဝင်ဘာလ (၇) ရက်နေ့ ရွေးကောက်ပွဲရလဒ်များနှင့်ပတ်သက်၍ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများက လက်မခံနိုင်ကြောင်း တရားဝင်ထုတ်ဖော်ပြောဆိုလိုက်ကြသည်။ **(DVB 131110)** [Read More...]

## ရွေးကောက်ပွဲဝင်ပြိုင်ခဲ့သည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဝင်ရောက်ယှဉ်ပြိုင် သည့် မြို့တော်ဝန် ဦးအောင်သိန်းလင်းကို ရှုံးနိမ့်သွားသော တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဦးကောင်းမြင့်ထွင့်က မဲမသမာမှုများသည် ဤရွေးကောက်ပွဲကို ဦးဆောင်ကျင်းပပေးသည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို စော်ကားခြင်းဖြစ်သည့် အတွက် ချက်ခြင်းဖော်ထုတ်ပြီး အရေးယူသင့်သည်ဟု ပြောဆိုလိုက်သည်။ **(Irrawaddy 101110)** [Read More ...]
- တောင်ဥက္ကလာပမြို့နယ် တိုင်းဒေသကြီး တသီးပုဂ္ဂလအမတ်လောင်း ဒေါက်တာစောနိုင်သည် ရွေးကောက်ပွဲအနိုင်ရကြောင်း ခရိုင်ကော်မရှင်မှ စိစစ်အတည်ပြု လက်မှတ်ထိုးပေးလိုက်ပြီးနောက်ပိုင်း နိုဝင်ဘာလ ၁၀ ရက်နေ့ညပိုင် မြန်မာ့ရုပ်မြင်သံကြားတွင် ဖော်ပြသောရွေးချယ်ခံစာရင်းတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဦးအောင်ကျော်မိုးကို ပြောင်းလဲဖော်ပြခဲ့သည်ဟု ၄င်းက ပြောသည်။ **(VOA 111110)** [Read More...] **(Irrawaddy 111110)** [Read More ...]
- တဦးပုဂ္ဂလ အမတ်လောင်း ၆ ဦးဖြစ်သော ဦးဝင်းချို၊ ဦးဝင်းကိုကိုဝင်း၊ ဦးစိုးကြည်၊ ဒေါ်ခင်သိန်းဝင်း၊ ဒေါက်တာ စိုးလွင်နှင့် ဦးဇော်မင်းသိန်းတို့သည် စစ်အစိုးရကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် တရားမျှတမှုမရှိသည့်အတွက် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ကာ ကြေညာချက်တစ် စောင်ကို နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ **(RFA 121110)** [Read More...], [Irrawaddy...]

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- ရန်ကုန်တိုင်း မြို့နယ် ၁၀ ခုကျော်တွင် မဲထည့်ရာ၌ မိမိတို့မဲပေးချင်သောသူ မပါသည့်အတွက် မဲပြားအောက်တွင် ဒေါ်အောင်ဆန်းစုကြည် အမည်ရေးပြီး အမှန်ရေးခြစ်ကာ မဲထည့်မှုများ ပြုလုပ်ခဲ့ကြသည်ဟု မြို့ခံတစ်ဦးက ပြောသည်။ **(DVB 071110)** [Read More...]
- ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မန်အောင်ကျေးရွာရှိ ဓမ္မာရုံနှင့် အထက်တန်းကျောင်း မဲရုံနှစ်ရုံတွင် လုံခြုံရေးအများအပြားချထားပြီး မဲပေးရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မိသားစုကိုယ်စားနှင့် ခရီးလွန်နေသူများ ရှိပါကလည်း ၄င်းတို့ကိုယ်စား အိမ်ထောင်ဦးစီးဖြစ်သူ တစ်ဦးတည်းသာ မဲပေးခဲ့ရသည်ဟု သွားရောက်မဲပေးခဲ့သူ ဒေသခံ တစ်ဦးကပြောသည်။ **(Palaungland 071110)** [Read More...]
- စစ်ကိုင်းတိုင်း ကလေးမြို့တွင် မဲဆန္ဒပြုသည့်နေရာ အကာအရံ မရှိသောကြောင့် မဲပေးသူနည်းပါးပြီး အထဲက အများစုမှာ ချင်းတိုးတက်ရေးပါတီ အမှတ်တံဆိပ် နွားနောက်ကိုသာ မဲပေးကြသော်လည်း အမှန် ခြစ်သည့်အစား မိမိအမည်ကိုရေးသောကြောင့် ပယ်မဲဖြစ်သွားသည်ဟု လေ့လာသူများကပြောသည်။ **(Irrawaddy 071110)** [Read more...]



pdfMachine
A pdf writer that produces quality PDF files with ease!
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- နအဖ စစ်အစိုးရ ကျင်းပပြုလုပ်သော ၂၀၁၀ နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲသည် မွန်ပြည်နယ်အတွင်းရှိ အချို့မြို့နယ်များတွင် မဲဆန္ဒရှင်များ လျှို့ဝှက်မဲပေးရမည့် မဲပေးခန်းများ လုံခြုံမှုမရှိကြောင်း မဲပေးသူများကပြောသည်။ **(IMNA 071110)** Read More...
- ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူမြို့ရှိ မဲဆန္ဒရှင်များက မဲအမှတ်စဉ်တွင် မျိုးနွယ်စုအမည် ဖော်ပြထားခြင်းမရှိသည့်အတွက် လူမျိုးစုလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခွင့်မရှိကြောင်း မဲဆန္ဒရှင်များကပြောသည်။ **(IMNA 071110)** Read More ...
- ၂၀၁၀ နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြသည့် မွန်ပြည်နယ် အချို့မြို့နယ်ရှိ မဲဆန္ဒရှင်များက မဲပြားများတွင် မဲရုံမှူးလက်မှတ် မထိုးပေးသောကြောင့် ပယ်မဲများဖြစ်ခဲ့ရသည်ဟု ဆန္ဒမဲပေးသူများကပြောသည်။ **(IMNA 071110)** Read More ...
- ဆန္ဒမဲ ပေးသူများသည် မဲပြားများတွင် ၎င်းတို့ မဲအမှတ်စဉ်နံပါတ်များကို မဲရုံဝန်ထမ်းများက ရေးသားပေးထားသည့်အတွက် သူတို့၏ ကိုယ်ရေးအချက်အလက်များ မှတ်တမ်းတင်ခံရကြောင်း မွန်ပြည်နယ်မုဒုံမြို့နယ်မှ မဲဆန္ဒရှင်များကပြောသည်။ **(IMNA 071110)** Read More ...
- သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်မှ ပြည်သူအချို့မှာ မဲသွားထည့်ရာတွင် မဲရုံစောင့်သူက မဲစာရင်းတွင်မပါရှိသူများ မဲထည့်ခွင့်မရှိခဲ့သော်လည်း ညောင်သုံးပင်ကျေးရွာတွင် လူတစ်ဦးတည်းက မဲ ၈ မဲ ထည့်သွားသည်ဟု လေ့လာသူများ ကပြောသည်။ **(Irrawaddy 081110)** Read More...
- စစ်အစိုးရကျင်းပသည့် ရွေးကောက်ပွဲသည် မြန်မာ့သမိုင်းတွင် ရွေးကောက်ပွဲအဂတိရပ်များနှင့် ကိုက်ညီမှုမရှိဆုံး ရွေးကောက်ပွဲတခုဖြစ်ပြီး မျှော်လင့်ထားသည်ထက် အဂတိလိုက်စားမှုနှင့် မသမာမှုအများဆုံးတွေ့ရသည့် ရွေးကောက်ပွဲအဖြစ် ပြည်တွင်းရှိ ကိုယ်တိုင်မဲထည့်သော လေ့လာသူများနှင့် နိုင်ငံရေးသမားကြီးများက သုံးသပ်ပြောဆိုလိုက်သည်။ **(VOA 081110)** Read More...
- ရန်ကုန်မြို့တွင် မဲပေးပိုင်ခွင့်ရှိသူ ၄ သန်းကျော် ရှိသော်လည်း မြို့နယ်အလိုက် မဲရုံများတွင် မဲပေးသူများနေ သည်ဟု ရန်ကုန် အခြေစိုက် သတင်းထောက်များက ပြောသည်။ **(Irrawaddy 081110)** Read More ...
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွေးကောက်ပွဲတွင် မနောတိုင်အမှတ်အသားကို တိုင်းရင်းသားကိုယ်စားပြုပါတီဟု ယူဆကာ မဲပေးခဲ့ပြီးနောက် နောက်နေ့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** နှင့် ပတ်သက်နေမှန်း သိလိုက်ရသည်ဟု ကချင်အမျိုးသားကြီးတစ်ဦးက ပြောသည်။ **(BBC 091110)** Read More...
- ရွေးကောက်ပွဲနှင့်ဆိုင်သည့် သတင်းများကို စာပေစိစစ်ရေးက ဖော်ပြခွင့် မပေးပဲ ပယ်ချခံလိုက်ရခြင်းသည် ဘယ်ခေတ်ဘယ်ကာလမှ မကြုံခဲ့ရသေးသည့် အဆိုးဆုံးသတင်းဖိနှိပ်ခံရမှုကြီးဖြစ်သည်ဟု ဝါရင့်သတင်းစာ ဆရာကြီး လူထုစိန်ဝင်းကပြောသည်။ **(VOA 091110)** Read More...
- ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်တွင် မဲဆန္ဒရှင်အများစုမှာ မဲပေးခွင့်မရသူများဖြစ်နေပြီး မဲပေးခွင့်ရသူအများစုမှာလည်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို ရှောင်ပြီးမဲပေးခဲ့သော်လည်း **USDP** ကပဲ ပြန်နိုင်သွားသည့်အတွက် မကျေမနပ်ဖြစ်နေပြီး မည်သည့်နေရာကို တိုင်တန်းရမှန်း မသိဖြစ်နေကြသည်ဟု မဲဆန္ဒရှင် များက ပြောသည်။ **(RFA 091110)** Read More...
- မွန္တလေးမြို့တွင် သက်ဆိုင်ရာမဲရုံများ၌ အမည်စာရင်းမပါသဖြင့် မဲပေးခွင့်ရှိသူ အမြောက်အများ မဲပေးခွင့်ဆုံးရှုံးနေပြီး မဲရုံးမှူးမှ ရပ်ကွက်ကော်မရှင်ထံ သွားရန် ပြောဆိုခဲ့သည်ဟု အောင်မြေသာဇံမဲဆန္ဒနယ် ပုလဲငွေရောင် မဲရုံအမှတ် ၂ တွင် မဲပေးခွင့်ရခဲ့သူ အမျိုးသမီးတစ်ဦးက ပြောသည်။ **(The Voice 091110)** Read More...
- ချင်းပြည်နယ် မြို့တော်ဟားခါး၊ ထန်တလန်နှင့် ပလက်ဝမြို့နယ်များတွင် ချင်းအမျိုးသားပါတီ **CNP** နှင့် ချင်းတိုင်းရင်းသားပါတီ **CPP** တို့က အနိုင်ရနေသည်ဟု **CNP** ပြည်သူ့လွှတ်တော် အမတ်လောင်း ဦးငွန်မောင်းက ပြောသည်။ **(Mizzima 101110)** Read More...
- ရခိုင်ပြည်နယ် လွှတ်တော်ထဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** နှင့် စစ်တပ်ကိုယ်စားလှယ်များ အင်အားကြီးထွားမည့်အရေးကို ကာကွယ်ရန်အတွက် အခြားပါတီများဖြင့် မဟာမိတ်ဖွဲ့သွားမည်ဟု ပြည်နယ်လွှတ်တော်တွင် ၁၈ နေရာနိုင်သည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** က ပြောသည်။ **(Mizzima 101110)** Read More ...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ထိန်းသိမ်းခံထားရသည့် မြန်မာ့ဒီမိုကရေစီအခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်မြောက်လာလျှင် မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းတခု ဖြစ်သွားနိုင်သည်ဟု သတင်းစာဆရာကြီး လူထုစိန်ဝင်းကပြောဆိုလိုက်သည်။ **(VOA 121110)** Read More...
- ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြသည့် အတိုက်အခံ အင်အားစုများ အရေးနိမ့်ပြီးနောက် **I Vote** (မဲပေးရေး) လှုပ်ရှားသူများနှင့် ရွေးကောက်ပွဲလိုလားသူများ အလွန်အမင်းစိတ်ပျက်နေကြောင်း **I Vote** လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)** ပါတီကို ထောက်ခံမဲ ထည့်ခဲ့သူတစ်ဦးကပြောသည်။ **(Irrawaddy 121110)** Read More...

မီဒီယာအခန်းကဏ္ဍ

- ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်း၊ မူဆယ်၊ နမ့်ဖတ်ကာ၊ နမ့်ဆန်မြို့များတွင် မဲပေးသည့်ကိစ္စများနှင့် ပတ်သက်ပြီး သတင်းမီဒီယာများနှင့် လွတ်လပ်စွာ ဆက်သွယ်ခွင့်မရှိကြောင်းနှင့် ဓါတ်ပုံရိုက်ခွင့်၊ ဖုန်း၊ ကင်မရာ ကိုင်ဆောင်ခွင့်များ မရှိဖြစ်နေသည်ဟု မဲရုံသွားစောင့်သူတစ်ဦးကပြောသည်။ **(Palaungwomen 071110)** Read More...
- ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြစ်ပေါ်ခဲ့သော မဲမသမာမှု သတင်းများ အပါအဝင် ရွေးကောက်ပွဲသတင်းများကို စုံလင်စွာဖော်ပြခွင့်ပြုတော့မည်မဟုတ်ကြောင်းကို စာတည်းမှူးတစ်ဦး ပြောသွားကြောင်း ပုဂ္ဂလိကသတင်းဂျာနယ် ထုတ်လုပ်ရေး အယ်ဒီတာတစ်ဦးကပြောသည်။ **(Irrawaddy 091110)** Read More...
- စစ်အစိုးရသည် ရွေးကောက်ပွဲ မဲရုံများသို့ မီဒီယာသမားများကို ဖိတ်ခေါ်ခဲ့သော်လည်း မေးမြန်း ခွင့်မရ၊ ဓါတ်ပုံရိုက်ခွင့်မရနှင့် လွတ်လပ်မှုမရှိပဲ စံပြမဲရုံများတွင်သာ ခွင့်ပြုပြီး စစ်အစိုးရရုပ်သံနှင့် သတင်းစာများတွင် လွတ်လပ်စွာသတင်းယူခွင့်ပေးဟန်ဖော်ပြနေသည်ဟု ဂျာနယ်သတင်းထောက်များကပြောသည်။ **(BBC 111110)** Read More...
- နေထိုင်ခွင့် ဗီဇာသက်တမ်းရှိသေးသည့် ဩစတြေးလျနိုင်ငံ **ABC** သတင်းဌာန၏ မှတ်တမ်းတင် ရုပ်သံရိုက်ကူးသူ **Hugh Piper** နှင့်ထုတ်လုပ်သူ **Helen Barrow** တို့ကိုအစိုးရအာဏာပိုင်များက ဖမ်းဆီးပြီး နှင့်ထုတ်ခံလိုက်ရ ကြောင်း ၄င်း၏ **ABC** သတင်းဌာနတွင် ထုတ်ပြန်လိုက်သည်။ **(VOA 111110)** Read More...
- မြဝတီမြို့တွင် နိုဝင်ဘာ ၇ ရက်နေ့က တရားမဝင် ဝင်ရောက်လာမှုနှင့် ၃ ရက်ကြာ ဖမ်းဆီး ထိန်းသိမ်းခံရပြီး နိုဝင်ဘာ ၉ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာသူ **APF** ဂျပန်သတင်းဌာနပိုင်ရှင် **Mr. Toru Yamaji** က မြန်မာနိုင်ငံ၏ အချုပ်သားများသည် အခြေခံရပိုင်ခွင့်များ ဆုံးရှုံးနေသည်ဟု ထုတ်ဖော်ပြောဆို လိုက်သည်။ **(RFA 111110)** Read More...
- ရွေးကောက်ပွဲလွန် ကာလတွင် စာပေ စိစစ်ရေးမှ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ရလဒ်ကို မသိစေချင်၍ တည်းဖြတ်ခြင်းကို လက်ခံနိုင်သော်လည်း လူမှုရေးဆောင်းပါးတစ်ပုဒ်ကို ဖြတ်တောက်၊ တိလိုက်ခြင်းကိုစဉ်းစားလို့ မရဘူးဟု မန္တလေးမြို့မှ စာနယ်ဇင်းသမားတစ်ဦးက ပြောသည်။ **(Irrawaddy 131110)** Read More...
- ရွေးကောက်ပွဲ သတင်းများကို အမှန်အတိုင်း အချိန်နှင့်တပြေးညီတင်ပြခဲ့သည့် ပြည်တွင်းဂျာနယ်အချို့နှင့် ရွေးကောက်ပွဲအင်တာနက်စာမျက်နှာများကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် စာပေစိစစ်ရေးက အင်တာနက်ပေါ်မှဖျက်သိမ်းခိုင်းလိုက်ကြောင်း **The Voice** ဂျာနယ်မှ အယ်ဒီတာတစ်ဦးကပြောသည်။ **(RFA 131110)** Read More...

ပြည်ပရောက်မြန်မာနိုင်ငံသားများ

- စစ်အစိုးရက စစ်တပ်တွင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အမြင်လွဲမှားစေရန်အတွက် မှိုင်းတိုက်ထားကာ ရွေးကောက်ပွဲကို ဟန်ပြကျင်းပပြီး စစ်ပဒေသရာဇ်စနစ်ဖြင့် ဆက်လက်အုပ်ချုပ်သွားရန် ပြင်ဆင်ထားသည်ဟု ထိုင်းနိုင်ငံချူလာလောင်ကွန်းတက္ကသိုလ်တွင် မြန်မာ့အရေးခေတ္တသုတေသနလုပ်နေသည့် လန်ဒန်စီးပွားရေး တက္ကသိုလ်မှ ဒေါက်တာဇာနည်ကပြောသည်။ **(RFA 111110)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- စစ်အစိုးရကျင်းပသည့် ရွေးကောက်ပွဲသည် စစ်မှန်သည့် အသွင်ကူးပြောင်းရေးအတွက် ပြုလုပ်သော လုပ်ငန်းစဉ်တခု အဖြစ် ပြသရန် တိုက်တွန်းလိုက်သည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း **(Ban Ki-moon)** ၏ ပြောခွင့်ရသူ မာတင်နီစကီ **(Martin Nesirky)** က ပြောသည်။ **(VOA 081110)** **Read More...**
- ရွေးကောက်ပွဲတွင် မဲမသမာမှုကြောင့် ထိုင်း–မြန်မာနယ်စပ် မြဝတီနှင့် ဘုရားသုံးဆူမြို့များတွင် စစ်အစိုးရနှင့် တိုးတက်သေ ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** တို့အကြား စတင်ဖြစ်ပွားသောတိုက်ပွဲကြောင့် ထွက်ပြေးလာသော ဒုက္ခသည်များကို ၎င်းတို့၏ အသက်အန္တရယ် စိတ်ချမှုမရှိသေးခင် နေရပ်ပြန်ပို့ခြင်းမလုပ်ရန် ကုလသမဂ္ဂက ထိုင်းအစိုးရ ကိုတောင်းဆိုလိုက်သည်။ **(VOA 121110)** **Read More...**
- စစ်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ အရာရှိ ၄ ဦးဖြစ်သော မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူး သောမတ်စ် အိုဟေးကင်တာနား၊ တရားမဝင် ဖမ်းဆီး ထိန်းသိမ်းမှုများ ဆန့်ကျင်ရေးအကြီးအကဲ **Hadji Malick Sow**၊ လွတ်လပ်စွာ ထုတ်ဖော်ပြော ဆိုင်ခွင့်ဆိုင်ရာ **Frank La Rue** နှင့် လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ **Margaret Sekaggya** တို့က နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကြေညာ ချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ **(VOA 121110)** **Read More...**

### (ခ) အစိုးရများ

- မွန္တလေးမြို့တွင် ရွေးကောက်ပွဲ မဲပေးနေမှုအခြေအနေများကို ရန်ကုန်အခြေစိုက် သံတမန် ၂၀ ကျော်က နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ လှည့်လည်လေ့လာနေပြီး ထူးခြားသည်မှာ သံအဖွဲ့ခေါင်းဆောင်ဖြစ်သူသည် မြောက်ကိုရီယား သံအမတ်ကြီး ဖြစ်နေကြောင်း အမည်မဖော်လိုသူ သံတမန်အသိုင်းအဝိုင်းနှင့် နီးစပ်သူများကပြောသည်။ **(DVB 071110)** **Read More...**
- အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရောက် အမေရိကန်သမ္မတ အိုဘားမားသည် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတရေးနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ **(Irrawaddy 071110)** **Read More...**
- စစ်အစိုးရကျင်းပသည့် ရွေးကောက်ပွဲသည် ၎င်းတို့ လိုချင်သည့် ပုံစံအတိုင်းဖြစ်မြောက်အောင် တဖက်သတ်နိုင်ထက် စီးနင်းလုပ်သည့် ရွေးကောက်ပွဲမျိုးဖြစ်ပြီး လက်ခံနိုင်ခြင်း မရှိဟု အမေရိကန်သမ္မတ အိုဘားမားက အိန္ဒိယပါလီမန်တွင် ဝေဖန်ပြောဆိုလိုက်သည်။ **(VOA 081110)** **Read More...**
- စစ်အစိုးရသည် ပေးထားသည့်ကတိအတိုင်း လွတ်လပ်ပြီး တရားမျှတမှုရှိသည့်ရွေးကောက်ပွဲဖြစ်အောင် ပြုလုပ်ခြင်းမ ရှိသည့်အတွက် ကနေဒါအစိုးရအနေဖြင့် အထူးစိတ်ပျက် စိုးရိမ်မိကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး လောရန့်စ် ကန်နွန် **(Lawrence Cannon)** က ပြောကြားလိုက်သည်။ **(VOA 081110)** **Read More...**
- စစ်အစိုးရကျင်းပသည့် ရွေးကောက်ပွဲသည် လွတ်လပ်မျှတမှုမရှိသည့်အပေါ် အမေရိကန်သမ္မတ အိုဘားမား အပါအဝင် နိုင်ငံအများအပြားက ဝေဖန်ရှုတ်ချလိုက်ပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင်နိုင်ငံရေး အကျဉ်းသားများ အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ **(BBC 091110)** **Read More...**
- အိမ်နီးချင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး လိုလားမှုအပေါ် မထောက်ခံသဖြင့် အမေရိကန်သမ္မတသည် နယူးဒေလီပါလီ မန် ဥပဒေပြုအမတ်များ ရှေ့မှောက်တွင် အိန္ဒိယကို နိုဝင်ဘာလ ၈ ရက်နေ့က ဝေဖန်ပြောဆိုလိုက်သည်။ **(Mizzima 091110)** **Read More...**
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်မှုမရှိသည့် ရွေးကောက်ပွဲဖြစ်သည်ဟု ထပ်မံပြောဆိုလိုက်ပြီး ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်ဟု အမေရိကန်သမ္မတ အိုဘာမားက အင်းဒိုနီးရှားနိုင်ငံ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ **(VOA 091110)** **Read More...**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- စစ်အစိုးရကျင်းပသည့် ရွေးကောက်ပွဲသည် သိသာထင်ရှားသည့် ရှေ့တဆင့် တိုးတက်မှုဖြစ်သည်ဟု အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အာဆီယံသက္ကဌ ဗီယက်နမ်နိုင်ငံတို့က ပြောဆိုလိုက်သည်။ **(DVB 091110)** Read More...
- မြန်မာနိုင်ငံကို မြောက်ကိုရီယားက အီရန်နှင့် ဆီးရီယားနိုင်ငံတို့နှင့်အတူ ဥပဒေအရ တားမြစ်ထားသည့် နယူးကလီးယား နှင့် ဒုံးလက်နက်ပစ္စည်းများကို ထောက်ပံ့နေသည်ဟု ကုလသမဂ္ဂအရာရှိများ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြ ထားသည်။ **(VOA 121110)** Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အမြဲထောက်ခံအားပေးနေသည့် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ် ဆုရှင် အမျိုးသမီးခြောက်ဦးက စစ်အစိုးရ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် ၄င်းတို့အပေါ် မျှော်လင့်ချက်များကို ကုန်ဆုံးစေခဲ့သည်ဟု နိုဝင်ဘာ ၈ ရက်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။ **(RFA 091110)** Read More...
- မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးဟောင်း မာတင်မော်လန်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်၏ လွှတ်မြောက်ရေးကို တောင်းဆိုလိုက်ပြီး သူမ၏အခန်းကဏ္ဍသည် ယနေ့အထိ ပိုမိုအရေး ပါနေဆဲဖြစ်ကြောင်း၊ မည်သည့်ဆုံးဖြတ်ချက်မဆို ထူးခြားလာမည့် လုပ်ဆောင်ချက်များဖြစ်လာမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ **(BBC 121110)** Read More...
- ကမ္ဘာပေါ်တွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူအဖြစ် အထင်ရှားဆုံး လူသိအများဆုံးဖြစ်သည့် မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်လာသောကြောင့် ကမ္ဘာတဝှမ်းလုံး ပျော်ရွှင် ဝမ်းမြောက်ကြမည်ဖြစ် ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်း **Gordon Brown** က ပြောဆိုလိုက်သည်။ **(RFA 131110)** Read More...
- ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်မှုအပေါ် ကြိုဆိုကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် နေအိမ်အ ကျယ်ချုပ်မှ ပြန်လွှတ်လာပြီး မကြာမီတွင် နောက်တစ်ကြိမ် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့်ကိစ္စအားမမေ့ကြရန် လိုအပ် ကြောင်း ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည့် တောင်အာဖရိကငြိမ်းချမ်းရေး နိုဗယ်ဆုရှင် **de Klerk** က သတိပေးပြောကြား လိုက်သည်။ **(RFA 131110)** Read More...

***End of report/ Saturday, November 13, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!